# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မေလ ၂၀၂၃ ခုနှစ်

HURFOM

Human Right Foundation of Monland May 2023

# ဆိုင်ကလုန်း မိုခါက အရပ်သားများ၏ စားဝတ်နေရေးနှင့် လုံခြုံရေးကို မတည်မငြိမ်ဖြစ်ရန် ခြိမ်းခြောက်လာသည့်အချိန်အခါတွင် စစ်ကောင်စီက တိုက်ခိုက်မှုများကို ဆက်လက် လုပ်ဆောင်လျက်ရှိနေခဲ့သည်။

## မေလ ၂၀၂၃

ဆိုင်ကလုန်း မိုခါ တိုက်ခတ်လာသည့်အချိန်တွင် အားပြင်းလှသော မုန်တိုင်းသည် အသက်များနှင့် ကျယ်ပြန့်သော ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်မည့် အန္တရာယ် ခြိမ်းခြောက်လာစေခဲ့သဖြင့် မြန်မာနိုင်ငံမှ ပြည်သူများသည် အဆိုးဆုံးကို ပြင်ဆင်ခဲ့ကြရသည်။ ဒေသခံ အရေးပေါ် ကယ်ဆယ်ရေး အဖွဲ့များက ကာကွယ်မှု လုပ်ငန်းများနှင့် ဘေးကင်းလုံခြုံရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်နေစဉ်တွင် မြန်မာ စစ်တပ်သည် အရပ်သားများအပေါ် လေကြောင်းမှ ဗုံးကြဲခြင်း နှင့် မြေပြင်ထိုးစစ်များကို ဆက်လက်လုပ်ဆောင်နေခဲ့သည်။ သဘာဝ ဘေးအန္တရာယ်ကြောင့် ကြုံတွေ့နေရသော ကြီးမားသော ဒုက္ခသည်ပင် စစ်အုပ်စု၏ တိုက်ခိုက်မှုများကို လမ်းလွဲသွားအောင် မလုပ်ဆောင်နိုင်ခဲ့ပေ။

ဆိုင်ကလုန်းမုန်တိုင်းက ဒေသတစ်ခုလုံးကို သက်ရောက်ခဲ့ပြီး မေလ ပထမပတ်အတွင်းသို့ ရောက်ရှိလာသည့် ရက်များတိုင်အောင် စစ်အုပ်စုက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ အရပ်သားများအပေါ် ပစ်မှတ်ထားသည့် တိုက်ခိုက်မှု အများအပြားကို လုပ်ဆောင်ခဲ့သည်။ ကရင် လူ့အခွင့်အရေး အဖွဲ့နှင့် ကရင် ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက်တို့၏ ပူးတွဲ ကြေငြာချက်တွင် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (စကခ) အမှတ် ၁၃ လက်အောက်ခံ ခမရ ၅၉၉ မှ စစ်သားများသည် အခြားသော ခြေမြန်တပ်မများ၊ တပ်ရင်းများနှင့် တွဲဘက်၍ မေလ ၁၀ ရက်နေ့က ပြုလုပ်ခဲ့သော တိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချထားသည်။ တိုက်ခိုက်မှုအတွင်း ကလေးများ အများအပြားအပါအဝင် လူပေါင်း ၂၀ ခန့် သေဆုံးခဲ့သည်။

၂၀၂၃ ခုနှစ် မေလ ၇ ရက်နှင့် ၁၄ ရက်အကြားတွင် မွန်ပြည်နယ် ရေးမြို့နယ်က ကျေးရွာ ၆ ရွာနှင့် မေလ ၇၊ ၈ ရက်နှင့် မေ ၁၄ ရက်များတွင် ထားဝယ် အနောက်ပိုင်းကို ဗုံးကြဲခဲ့သည့် လေကြောင်းတိုက်ခိုက်မှု သုံးခုတွင် စစ်တပ်က တာဝန်ရှိကြောင်း မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM)က သတင်းထုတ်ပြန်သည်။ စစ်အုပ်စု၏ အဆက်မပြတ် စီးနင်း တိုက်ခိုက်မှုများကြောင့် တိုးများလာနေသည့် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းမှုများ ဆက်လက် ရှိနေစဉ်မှာပင် ထိုတိုက်ခိုက်မှုများကြောင့် ဒေသခံ ၁၂၀၀ မှ ၁၅၀၀ အထိ ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ ထိုကာလအတွင်း (ကေအဲန်ယူနယ်မြေ) ကျောက်ကြီး မြို့နယ်တွင် စစ်အုပ်စုက ဘာသာရေး အဆောက်အအုံ တစ်ခုနှင့် ကျောင်းတစ်ကျောင်းအပါအဝင် အရပ်သားများ၏ အိမ် ၅၀ ကို ဖျက်ဆီးခဲ့ကြသည်။

ဒေသခံများမှာ စစ်အုပ်စု ကျောထောက်နောက်ခံပေးထားသော အုပ်ချုပ်ရေးမှူးများ၏ ချိုးဖောက်ကျူးလွန်မှုများနှင့် ခြိမ်းခြောက်မှုများကိုလည်း ဆက်လက် ရင်ဆိုင်ကြရသည်။ သေနတ် ဥပဒေကို ပြင်ဆင် ပြဋ္ဌာန်းပြီး ဝယ်ယူ အသုံးပြုရန် ပိုမို လွယ်ကူလာသည့် အချိန်မှစ၍ မုဒုံ မြို့နယ်မှ အုပ်ချုပ်ရေးမှူး အများအပြားသည် မှောင်ခိုဈေးကွက်မှ သေနတ်များ ဝယ်ယူခဲ့ကြသည်။

"သူတို့က ရွာသားတွေကို သူတို့ သေနတ်တွေနဲ့ ခြိမ်းခြောက်ကြတယ်။" ဟု ရွာသား တစ်ယောက်က ပြောသည်။

## မေလ ၂၀၂၃

စစ်အုပ်စု ကျောထောက်နောက်ခံ ပြုထားသော ပြည်ထဲရေး ဝန်ကြီးဌာနက ၁၉၇၇ ခုနှစ်က ဥပဒေကို ပြင်ဆင်သည့် "သစ္စာရှိသော" အရပ်သားများအား လက်နက်ကိုင်ဆောင်ခွင့်ပေးသည့် အမိန့်ကို အာဏာသိမ်းရန်ကြိုးပမ်းသည့် နှစ်ပတ်လည်နေ့ မတိုင်မီ တစ်ရက် ဖြစ်သည့် ၂၀၂၃ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထိုအချိန်မှ စ၍ မွန်ပြည်နယ် အုပ်ချုပ်ရေးမှူးများက သေနတ်များ ကိုင်ဆောင်ခဲ့ကြသည်။ ကိုယ်ပိုင် လက်နက် ရရှိရန်အတွက် မည်သည့် လူပုဂ္ဂိုလ်က မဆို လျှောက်ထားပြီး ပြည်ထဲရေး ဝန်ကြီးဌာနမှ နောက်ဆုံး အတည်ပြုချက်ကို ရယူရသည်။ သို့ တိုင်အောင် မုဒုံမြို့နယ်မှ အုပ်ချုပ်ရေးမှူးများသည် လက်နက်များကို အလျင်အမြန် ရရှိနိုင်ခဲ့ကြသည်။

ယခုအခါ စစ်အုပ်စု ကျောထောက်နောက်ခံ ပြုထားသော စစ်တပ်လိုလားသော ပြည်သူ့စစ်များကဲ့သို့ ကာကွယ်ရေး အဖွဲ့များ နှင့် အုပ်ချုပ်ရေးမှူးများသည် စစ်အုပ်စုက သူတို့ကို ထုတ်ပေးထားသော လက်နက်များကို "တရားဝင်" ကိုင်ဆောင်ထားပြီး စစ်တပ်က သူတို့၏ လုပ်ရပ်များကို မျက်ကွယ်ပြုထားသည်။ ယင်းသည် ထိုလက်နက်များအား အလွဲသုံးမှုနှင့် ဆိုင်သော အခြားသော ပြဿနာများ အများအပြားကို ဖြစ်စေပြီး မိမိတို့ အနေဖြင့် ပြည်သူများ၏ အသက်နှင့် ပိုင်ဆိုင်မှုများအတွက် စိုးရိမ်နေရသည်။

တဖက်တွင်လည်း အမိန့်ပေးခဲ့ပါက ဤ လက်နက်ကိုင်ထားသူများသည် တော်လှန်ရေး အဖွဲ့အစည်းများကို ဆန့်ကျင်သော စစ်အုပ်စု၏ စစ်ဆင်ရေးများတွင် ပူးပေါင်းပါဝင်ရမည်ဟု ဆိုလိုသည်ဟု မုဒုံရွာသားများက ပြောသည်။ မောင်ခိုဈေးကွက်မှရယူထားသော သေနတ်များမှာ တရားမဝင်သော်လည်း အုပ်ချုပ်ရေးမှူးများမှာ စစ်တပ်လိုလားသူများဖြစ်ပြီး စစ်တပ်က သူတို့၏ အလွဲသုံး လုပ်ရပ်များကို မျက်ကွယ်ပြုထားသည်ဟု ဝေဖန်သူများက မှတ်ချက်ပြုသည်။

စစ်အုပ်စုသည် တရားမဝင် ရုံပုံငွေအတွက် အဓိက လမ်းကြောင်းအဖြစ် သာမန် ပြည်သူများကို ပစ်မှတ်ထားလျက် ရှိသောကြောင့် ငွေညှစ်ခြင်းနှင့် လာဒ်စားခြင်းများ အစဉ်သဖြင့် ရှိနေသည်။ စစ်တပ်က တနင်္သာရီ အဝေးပြေးလမ်းမ တလျှောက် ဂိတ်ပေါင်း ၃၇ ဂိတ်ကို တိုးချဲ့ချထားပြီး ခရီးသွားများနှင့် ယာဉ်မောင်းများထံမှ တရားမဝင် အခွန်ကောက်ခံခြင်းများနှင့် ငွေညှစ်ခြင်းများကို ပြုလုပ်နေသည်ဟု ဒေသခံ သတင်းရင်းမြစ်များနှင့် မိုင် ၁၈၀ ရှည်သော အဝေးပြေးကားလမ်းမကြီးကို အသုံးပြုနေသည့် ခရီးသည်များက ပြောသည်။

HURFOM ကွင်းဆင်း လုပ်သားများက ဒေသခံများနှင့် ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်အများအပြားကို စကားပြောနိုင်ခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်များရှိ ၎င်းတို့၏ လုံခြုံရေး တပ်ဖွဲ့များမှ လုံလောက်သော ထောက်ပံ့မှုကို မရရှိသောကြောင့် စစ်ကောင်စီ ဗဟို အုပ်ချုပ်ရေးမှ ၎င်းတို့၏ လုံခြုံရေး တပ်ဖွဲ့များကို အသုံးပြုရန် ခွင့်ပြုထားသော မူဝါဒများ၏ ရလဒ်များ ဖြစ်သည်ဟု အားလုံးကယုံကြည်ကြသည်။

"အောက်ခြေအဆင့်မှာ သူတို့အတွက် နေ့စဉ်ဝင်ငွေရရှိနိုင်အောင် လုပ်ထားသလိုပါပဲ၊ ဆိုလိုတာကတော့ ငွေညှစ်တာတွေ၊ တရားမဝင် အခွန်ကောက်ခံတာတွေ၊ ဥပဒေမဲ့ ဖမ်းဆီးပြီး ပြန်ပေးငွေ တောင်းခံတာတွေ ပိုပြီး ဖြစ်စေပါတယ်။ သိတဲ့အတိုင်းပဲ ကျွန်တော်တို့က တရက်ကို မြန်မာငွေ ၁၂၀၀၀ ကျပ် အများဆုံးသာ ဝင်ငွေ ရှိနိုင်ပေမယ့် တရားမဝင် အခွန်အမျိုးမျိုး တခါတရံမှာ ငွေညှစ်တာတွေ ဒါမှမဟုတ် ပစ္စည်းဥစ္စာတွေ နဲ့ မတရားတဲ့ အခွန်တွေကို မပေးမနေရ ပေးနေကြရတယ်။ ဒါကြောင့် မိသားစုကို ကျွေးမွေးဖို့ လက်ထဲမှာ ပိုက်ဆံဘယ်လောက်ပဲ ကျန်မယ်ဆိုတာ ခန့်မှန်းလို့ ရပါတယ်။" ဟု မွန်ပြည်နယ် ရေးမှ အသက် ၅၀ အရွယ် ကုန်ကားမောင်းသမားတစ်ဦးက ပြောသည်။

## မေလ ၂၀၂၃

“ဒေသခံ လယ်သမားတွေ၊ ရော်ဘာခြံ အလုပ်သမားတွေနဲ့ ဒေသခံတွေလို လမ်းကို နေ့စဉ်အသုံးပြုနေရတဲ့ သူတွေတောင်မှ အခက်ကြုံနေရတယ်။” ဟု ရေဖြူမြို့နယ်ရှိ ရွာတရွာမှ ရော်ဘာခြံလုပ်ငန်းရှင် အသက် ၃၀ အရွယ် ထားဝယ်သား တစ်ယောက်က ပြောသည်။ “သူတို့ရဲ့ စစ်ဆေးရေး ဂိတ်တွေ လုံခြုံရေး ဂိတ်တွေကို ဖြတ်ရတဲ့အခါ ကျွန်တော်တို့ရဲ့ နေ့စဉ် ဘဝမှာ သူခိုးတွေ ရာဇဝတ်သားတွေနဲ့ ကြုံတွေ့နေရတယ်” ဟု ဆက်ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် မလွဲတောင် အကောက်ဂိတ်မှ တောင်ပိုင်းဒေသ မြိတ်မြို့နယ်အထိ စစ်ကောင်စီ တပ်ဖွဲ့အမျိုးမျိုးဟာ ၁၀၈ မိုင် ရှည်လျားတဲ့ အဝေးပြေးလမ်းမကြီးတလျှောက် စစ်ဆေးရေးဂိတ်နှင့် အကောက်ဂိတ် ပေါင်း ၃၇ ဂိတ်ထက်မနည်း ဖွင့်လှစ်ထားသည်ဟု ခရီးသွားများနှင့် ယာဉ်မောင်းများက ခန့်မှန်းသည်။

“အာဏာမသိမ်းခင်က လမ်းခွန်ကောက်ဖို့ အကောက်ဂိတ် ခုနစ်ခုပဲ ရှိတယ်။ အာဏာသိမ်းပြီးတဲ့နောက် စစ်ကောင်စီက ဒီအကောက်ဂိတ်တွေ အကုန်လုံးကို လုံခြုံရေး အကြောင်းပြလို့ သိမ်းလိုက်ပြီး တောင်ပိုင်းဒေသအထိ လမ်းမကြီးတလျှောက် နောက်ထပ် အကောက်ဂိတ်နဲ့ စစ်ဆေးရေးဂိတ် သုံးဆယ်ကို တိုးချဲ့ချထားတယ်။” ဟု ဤလမ်းမကြီးကို နေ့စဉ် အသုံးပြုနေရသည် ကုန်တင်ကားသမားတစ်ဦးက ပြောသည်။

“စစ်တပ်က ဂိတ်တွေကို “လုံခြုံရေး” ကြောင့် ချထားတာလို့ ဆင်ခြေပေးနိုင်တယ်။ ဒါပေမယ့် နောက်ကွယ်မှာတော့ ဒီက ရတဲ့ နေ့စဉ် ဝင်ငွေကို သူတို့ စစ်တပ်မိသားစုတွေ အတွက် ထောက်ပံ့ရာမှာတောင် အသုံးမပြုပါဘူး။ ထင်ထင်ရှားရှား ခြစားမှုတွေ အထက်ကနေ အောက်အထိ ဒီမှာ ရှိနေတယ်။” ဟု မြိတ်မြို့နယ်မှ အစိုးရ ဝန်ထမ်းဟောင်း တစ်ဦးက သူ့အမြင်ကို မေလ ၁ ရက်နေ့တွင် ပြောပြသည်။

ထို့အပြင် စစ်ကောင်စီက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးထိန်းသိမ်းမှုများ ဆက်ရှိနေသည်။ ယုံကြည်ချက် ခိုင်မာစွာ ရပ်တည်သူများနှင့် ဒီမိုကရေစီလိုလားသော အမြင်ရှိသူများမှာ ပစ်မှတ်ထားခံရသည်။ မေလ ပထမ ပတ်အတွင်းတွင် မေလ ၄ ရက်နေ့တွင် ဖမ်းဆီးခံရသော လူငယ် တစ်ဦးအပါအဝင် လူ သုံးဦး ဖမ်းဆီးခံရသည်။ ထိုလူငယ်များမှာ စစ်အုပ်စု၏ ဥပဒေမဲ့ သတ်ဖြတ်မှုများအား ပြစ်တင်ဝေဖန်ခြင်း အပါအဝင် သူတို့၏ အမြင်များကို လူမှု မီဒီယာ တွင် ဝေမျှခဲ့ခြင်းကြောင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံကြရသည်။

“နောက်ဆုံး အဖြစ်အပျက် ၂၀၂၃ ခုနှစ် မေလ ၄ ရက် မနက်စောစောမှာ ဖြစ်ခဲ့တာ” ဟု အိမ်နီးချင်းတစ်ဦးက HURFOM ကို ပြောသည်။ အရပ်ဝတ် ရဲနှင့် စစ်ထောက်လှမ်းရေး အရာရှိများက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ ဖက်ကလိပ်ရွာသား လူငယ် တစ်ဦး ဖြစ်သူ ကိုပိုင်သု၏ အိမ်ကို ဝိုင်းထားခဲ့သည်။ ထိုသူမှာ လူမဆန်သော စစ်တပ်၏ အစုအပြုံလိုက် သတ်ဖြတ်မှုများအား ပြစ်တင်ထားသော ထင်မြင်ချက်ပေးသည့်အတွက် စစ်ကောင်စီ တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်း ခံခဲ့ရခြင်း ဖြစ်သည်။

စစ်အုပ်စုက ကျူးလွန်သော ရက်စက် ကြမ်းကြုတ်မှုများကို ပြစ်တင်ဝေဖန်သည့် အတွက် အရပ်သားများ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရပြီးနောက် ဆက်စပ်သော အဖြစ်အပျက် နှစ်ခုဖြစ်ပွားခဲ့သည်။ အထွေထွေအုပ်ချုပ်ရေး ဌာနက လူငယ်သုံးဦးစလုံးကို ကျိုက်ထိုမြို့နယ်တွင် ထိန်းသိမ်းပြီး တရားစွဲဆိုထားသည်။

“စစ်ကောင်စီ တပ်ဖွဲ့တွေက သူတို့ရဲ့ လက်ကိုင်ဖုန်းတွေကို စစ်ဆေးပြီးနောက်မှာ သူတို့ထဲက နှစ်ယောက်ကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ PDF တွေနဲ့ ပတ်သက်တယ်ဆိုပြီး စွပ်စွဲထားတယ်” ဟု ရဲနှင့် နီးစပ်သော ယုံကြည်ရလောက်သော သတင်းရင်းမြစ်တစ်ခုက ပြောသည်။

"ကျွန်တော့်သားမှာ အပြစ်မရှိပါဘူး၊ သူက မိသားစု လုပ်ငန်းဖြစ်တဲ့ သံဂဟေဆော်တဲ့ အလုပ်မှာ လုပ်နေတာပါ။ ကျွန်တော်တို့ ဒီအမှုကို ဥပဒေအတိုင်း ရင်ဆိုင်သွားမှာပါ" ဟု ပိုင်သူ၏ ဖခင်က သတင်းထောက်ကို ပြောသည်။

မကြာသေးမီက စစ်ထောက်လှမ်းရေး ကွန်ရက်က ပိုင်သူ၏ Facebook ကဲ့သို့ လူငယ် တက်ကြွလှုပ်ရှားသူများ၏ အကောင့်များကို ယခုနှစ်အစပိုင်းမှ စတင်၍ စောင့်ကြည့်နေခဲ့ကြပြီး ပြည်နယ် တလွှား အတွင်းကျကျ စောင့်ကြည့်ရေး စနစ်များဖြင့် လုပ်ဆောင်ခဲ့ကြသည်။ တစ်စုံတစ်ယောက်က အမျိုးသား ညီညွတ်ရေး အစိုးရ သို့မဟုတ် ဒီမိုကရေစီရေး လှုပ်ရှားမှု အကြောင်းကို ထင်မြင်ချက်ပေးခြင်း သို့မဟုတ် ရေးသားခြင်းကို ဖမ်းမိပါက စစ်အုပ်စုက ငွေကြေးထောက်ပံ့ထားပြီး ပံ့ပိုးထားသော သေချာစွာ လေ့ကျင့်ထားသည့် နည်းပညာ အုပ်စုများက နောက်ယောင်ခံလိုက်သည်ဟု မွန်ပြည်နယ် ပြည်ထဲရေး ဝန်ကြီးဌာနမှ လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှုမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

HURFOM က စစ်အုပ်စုက ကယ်ဆယ်ရေး လုပ်သားများ အပေါ် အခွင့်အရေး ချိုးဖောက်သည့်အကြောင်း အစီရင်ခံချက်များလည်း ထုတ်ပြန်ခဲ့သည်။ စစ်တပ်က အကူအညီများ ဖြန့်ဝေမှုကို လက်နက်သဖွယ် အသုံးပြုနေခဲ့သည်။ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် လူမှုကူညီရေး စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များ အပါအဝင် အရပ်သား ၄၀ ကျော်ကို စစ်အုပ်စုက ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်ဆေးမေးမြန်းခဲ့သည်။

HURFOM ၏ ကွင်းဆင်း အစီရင်ခံစာများတွင် မေလ ၉ ရက်မှ ၁၁ ရက်အတွင်း လူပေါင်း ၄၂ ယောက်မှာ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသည်။ ထိန်းသိမ်းခံရသူများမှာ အခမဲ့ နာရေးကူညီမှု အသင်း၊ လူနာတင်ယာဉ် စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များ၊ ကျောင်းဆရာဟောင်းများနှင့် ကော့ကရိတ်မှ ဝန်ထမ်းဟောင်းများအပါအဝင် သာမန် အရပ်သားများ မှ အဖွဲ့ဝင်များဖြစ်ကြသည်။

"ဟုတ်ပါတယ်။ သူတို့အားလုံး အဖမ်းခံရတာကို ကျွန်တော် အတည်ပြုနိုင်ပါတယ်။ ကျွန်တော် သိသလောက်တော့ လူမှုရေး လုပ်သားတွေက ကော့ကရိတ်မြို့နယ်မှာ အခြေစိုက်ကြပါတယ်။ သူတို့က အခုဆိုရင် စစ်တပ် စစ်ကြောရေး စခန်းတွေမှာ ထိန်းသိမ်းခံထားရပါတယ်" ဟု မိသားစု ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

"အချိန်အတော်ကြာအောင် စီမံခန့်ခွဲမှု ကောင်စီက လူမှုကူညီရေး အဖွဲ့အစည်းဝင်တွေနဲ့ လူမှု ကယ်ဆယ်ရေး အုပ်စုတွေကို သူတို့လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ပြစ်တင်ဝေဖန်နေခဲ့ပါတယ်။ အခုတော့ သူတို့ကို တိုက်ရိုက် ပစ်မှတ်ထားလာတာဖြစ်ပါတယ်" ဟု လူမှုအုပ်စု အဖွဲ့ဝင် တစ်ဦးက စစ်ကောင်စီက လူမှုရေး လုပ်သားတွေအပေါ် ဖိအားပေးလာသည်ကို ကိုးကားပြီး ပြောပြသည်။

"သူတို့က အလိုရှိတဲ့ လူစာရင်းနဲ့ အသေးစိတ် အချက်အလက်တွေနဲ့အတူ လာဖမ်းတယ်လို့ကြားတယ်။ ဒါဟာ ကော့ကရိတ်မှာ လူတွေအများကြီး အဖမ်းခံရတာ ပထမအကြိမ်ပဲ။ ဒီနေ့မှာ သူတို့က တခြား သံသယရှိတဲ့ အိမ်နီးချင်းတွေရဲ့ အိမ်တံခါးတွေကို လိုက်ခေါက်ကြတယ်။" ဟု "ပုလဲဖြူ" ဒေသခံ လူမှုရေး အသင်းနှင့် နီးစပ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

အာဏာသိမ်းချိန်မှ စ၍ ကော့ကရိတ်ခရိုင်တွင် အနည်းဆုံး လူမှုရေး လုပ်သား ငါးဦး ဖမ်းဆီးခံရပြီး ဒေသခံ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါတ်သက်မှုဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ တရားစွဲဆိုခြင်းခံရကြောင်း HURFOM က မှတ်တမ်းတင်ထားသည်။

## မေလ ၂၀၂၃

၂၀၂၃ ခုနှစ် မေလ တစ်လလုံး စစ်အုပ်စုက ဖမ်းဆီးခေါ်ဆောင်သည့် လူအရေအတွက် မြင့်မားလာခြင်းနှင့် လူသားဒိုင်းအဖြစ် အသုံးပြုခြင်းကိုလည်း HURFOM က အစီရင်ခံခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့များက တနင်္သာရီ တိုင်းဒေသကြီးတွင် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်လျက်ရှိပြီး ဒေသခံ အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်ပြီး လက်နက်ကိုင် ပဋိပက္ခဒေသများတလျှောက် လမ်းပြများအဖြစ် အတင်းအဓမ္မ ခိုင်းစေခဲ့သည်။ ယင်းမှာ စစ်ဥပဒေကို တိုက်ရိုက်ချိုးဖောက်ခြင်းလည်း ဖြစ်ကြောင်း ဒေသခံထားဝယ်ဒေသသားများက အစီရင်ခံခဲ့သည်။

ဧပြီလ ၂၆ ရက်နေ့တွင် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ရငယ်နှင့် ဝေရစ် ရွာများသို့ စစ်ကောင်စီတပ်များ ချီတက်ရာတွင် ဒေသခံ ပြည်သူ ၁၀၀ ခန့် ဖမ်းဆီးခံခဲ့ရပြီး နှစ်ရက်အကြာတွင် ငွေတောင်းခံပြီး ပြန်လည်လွှတ်ပေးခဲ့သည်။ **"ပိုက်ဆံနဲ့ ရွေးယူနိုင်တဲ့လူတွေကို အမြန်ပြန်လွှတ်ပေးခဲ့တယ်။"** ဟု ရွာသားတစ်ယောက်က ပြောသည်။

ရွာသားများ ဆက်လက် ဖမ်းဆီးခံခဲ့ကြရပြီး ချိုးဖောက်မှုများကို ခံကြရသည်။ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေအရ လူသားဒိုင်းအဖြစ် အသုံးပြုခြင်းကို တင်းကြပ်စွာ တားမြစ်ထားသည်။ ဂျီနီဗာ ကွန်ဗင်းရှင်းတွင်လည်း ယင်းကို ဖော်ပြထားသည်။ စစ်အုပ်စုသည် လူမှုအသိုက်အဝန်းများကို ဖျက်ဆီးရန် ရည်ရွယ်သည့် လုပ်ငန်းများကို ဂရုစိုက်ရန် မလိုပဲ လုပ်ဆောင်နေခြင်းက ၎င်းတို့သည် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်လျက်ရှိကြောင်း ထင်ရှားစေသည်။

ဒေသခံ သတင်းရင်းမြစ်များ၏ အဆိုအရ စစ်ကောင်စီတပ်ဖွဲ့များသည် ထားဝယ်အရှေ့ပိုင်း ကျေးရွာများသို့ ဝင်ရောက်သည့် ရက်များတွင် ဒေသအတွင်းရှိ ကျေးရွာ ၃ ခုမှ အနည်းဆုံး ရွာသား ဆယ်ဦးကို ဖမ်းဆီးခဲ့ပြီး သူတို့၏ တပ်ဖွဲ့များနှင့်အတူ ၂၀၂၃ ခုနှစ် မေလ ၂၁ ရက်တွင် လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။

"ခါးသွေးကျောက်ရွာက အနည်းဆုံးရွာသား ငါးဦး ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရပြီး လမ်းတလျှောက်မှာ လမ်းပြတွေအဖြစ် အတင်းအဓမ္မ စေခိုင်းခံရတယ်။ အဲလိုပဲ သူတို့က အညာပျားရွာကို ဝင်ပြီး နောက်ထပ် လူနှစ်ယောက်ကို ဖမ်းတယ်။ နောက်ပြီး သူတို့ ဦးယဉ်ကြည်ရွာကို ဆက်သွားခဲ့တယ်။" ဟု ဒေသခံများက ပြောသည်။

မြောက်ပိုင်း ထားဝယ်ခရိုင်မှ ကွင်းဆင်း အစီရင်ခံစာများ အဆိုအရ စစ်ကောင်စီ တပ်ဖွဲ့များနှင့် သူတို့၏ မဟာမိတ် ပြည်သူ့စစ် အင်အား ၅၀ ခန့်သည် ရွာအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ၎င်းတို့သည် ၂၀၂၃ ခုနှစ် မေလ ၈ ရက်နေ့ နံနက်တွင် ဒေသခံ အလုပ်သမား သုံးဆယ်ခန့်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ် အသုံးပြုခံရသူများသည် ရေဖြူမြို့နယ် ပဂေါ်စွန်းကျေးရွာအုပ်စု ဝက်ချောင်းရွာအနီး စိုက်ခင်းများတွင် အလုပ်လုပ်ကိုင်သူများဖြစ်သည်ဟု ဒေသခံ သတင်းရင်းမြစ်များက အတည်ပြုသည်။

"ဒေသခံ စိုက်ခင်းအလုပ်သမားတွေဟာ သူတို့ လုပ်ငန်းခွင်သို့ ထွက်ခွာတဲ့ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှာ ဖမ်းဆီးခံကြရတယ်။ အဲ့ဒါပြီးတော့ စစ်ကောင်စီ တပ်ဖွဲ့တွေက သူတို့ အကာအကွယ်ရဖို့ သူတို့ သွားလိုတဲ့ စစ်ဆင်ရေး နယ်မြေကို ရွာသားတွေကို ခေါ်ဆောင်သွားခဲ့တယ်။ ဖမ်းဆီးခံရတဲ့ သူအားလုံးကို လက်နောက်ပြန်ကြိုးတုတ်ခေါ်သွားတယ်။" ဟု အခြား KNU တပ်မဟာ ၄ အုပ်ချုပ်မှု နယ်မြေမှ အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုက ပြောသည်။

HURFOM ကရရှိသော မြေပြင် သတင်းအချက်အလက်များအရ မေလ ၈ ရက်နေ့မှာ ရေဖြူမြို့နယ် ဝက်ချောင်းရွာမှာ တခြား လူ ၂၀ နှင့်အတူ အမျိုးသမီး ခြောက်ဦးလည်း ဖမ်းဆီးခံခဲ့ရသည်။

“စစ်ကောင်စီ ပထမ တပ်ရင်းက ခလရ ၂၇၃ နဲ့ ခလရ ၄၀၆ ပေါင်းထားတဲ့ အဖွဲ့ဖြစ်တယ်။ အင်အားက စစ်သား ၂၀ ဒါမှမဟုတ် ၃၀ လောက်ရှိတယ်။ သူတို့က ဝက်ချောင်းရွာက လူတွေကို ဖမ်းပြီး သူတို့ကို လူသားဒိုင်းအဖြစ် သုံးတယ်။ နောက်ထပ် စစ်ကောင်စီ စစ်ကြောင်းတစ်ကြောင်းက အနီးနားက ခမောက်ချောင်းရွာကို ဝင်ပြီး ဒေသခံတွေ ပိုင်တဲ့ ပစ္စည်းတွေကို လုယူကြတယ်။ ခမောင်ချောင်းကလည်း နောက်ထပ် ရွာသား ဆယ်ယောက်ကို ခေါ်သွားကြတယ်။” ဟု မျက်မြင်သက်သေ သတင်းရင်းမြစ်တစ်ခုက ပြောသည်။

ပြန်လည်လွတ်မြောက်လာသူများ၏ အဆိုအရ ခမောက်ချောင်ရွာ စာသင်ကျောင်းတွင် စခန်းချစဉ် စစ်ကောင်စီ တပ်ဖွဲ့များက ရွာတွင်ရှိသော အိမ်အချို့ကို ဖောက် ပြီး အခြား လက်ဝတ်လက်စားများနှင့် မွေးမြူထားသော တိရစ္ဆာန်များကို လုယူကြသည်။

“လူသားဒိုင်း အသုံးပြုမှုဟာ စစ်ရာဇဝတ်မှု ဖြစ်တယ်။ အခုခေတ်မှာ တခြား ဘယ်လက်နက်ကိုင် အဖွဲ့ကမှာ ဒီလို စက်ဆုတ်စရာကောင်းတဲ့ အပြုအမူကို မလုပ်တော့ဘူး။” ဟု ဒေသခံ PDF အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ပြင်းထန်သော ရာဇဝတ်မှုအပြုအမူအပေါ် ရှုတ်ချရင်း ပြောသည်။

“ကျွန်တော်တို့ဟာ ပြည်သူတွေအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စစ်ကောင်စီကို ခုခံနေတဲ့အချိန်မှာ ဘက်နှစ်ဘက် တိုက်ခိုက်မှုက ပြည်သူတွေအပေါ် သက်ရောက်မှု ရှိမယ့် အလားအလာရှိခဲ့ရင် ကျွန်တော်တို့ အနေနဲ့ တိုက်မှာ မဟုတ်ပါဘူး။ ဒါကို စစ်ကောင်စီ တပ်ဖွဲ့တွေက အခွင့်ကောင်းယူပြီး အဲဒီနယ်မြေတွေမှာ ကျွန်တော်တို့ တပ်တွေကို တိုက်ခိုက်တယ်” ဟု သူက ဆက်ပြောသည်။

HURFOM အတွက် ယခင်လအတွင်းက နောက်ထပ် စိုးရိမ်ဖွယ်ကောင်းသည့် လေ့လာတွေ့ရှိချက်မှာ ကရင်နှင့် မွန်ပြည်နယ်များတွင် တော်လှန်ရေး လှုပ်ရှားမှုများကို ထောက်ခံသည်ဟု စွပ်စွဲခံရသူများ၏ အိမ်များနှင့် ပိုင်ဆိုင်မှုများကို ဆက်လက်သိမ်းယူနေခြင်း ဖြစ်သည်။ ဒေသခံပြည်သူများအဆိုအရ စစ်အုပ်စုက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ရှိ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များအတွက် ဖြန့်ဝေမှုများ ထောက်ပံ့မှုများ လုပ်ဆောင်ပေးနေသည်ဟု စွပ်စွဲခံရသူများ၏ နေအိမ်များနှင့် ပိုင်ဆိုင်မှုများကို ချိပ်ပိတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဝရမ်းများ ထုတ်ခဲ့သည်။

မေလ ၁၀ ရက်မှ ၁၄ ရက်အတွင်း အရပ်သား ငါးဦး၏ ပိုင်ဆိုင်မှုများကို စစ်သားများက သိမ်းယူခဲ့ကြသည်။ မြဝတီနှင့် ကျိုက်ထိုရှိ သူတို့အိမ်များကို တရားမျှတမှုမရှိသော စွပ်စွဲမှုများအပေါ် သိမ်းဆည်းခဲ့သည်။

မေလ ၁၂ ရက်နှင့် ၁၄ ရက်အတွင်း နှစ်ရက်တာ ကာလတလျှောက် မွန်ပြည်နယ် ကျိုက်ထိုမှ ဒေသခံ ပြည်သူနှစ်ဦးမှာ စစ်အုပ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး နက်နက်ရှိုင်းရှိုင်း မားယွင်းနေပြီး အငြင်းပွားဖွယ်ဖြစ်သည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး အက်ဥပဒေဖြင့် တရားစွဲဆိုခြင်း ခံကြရသည်။ သူတို့၏ အိမ်များနှင့် ဈေးဆိုင်ခန်းများကို ချိပ်ပိတ်ခဲ့သည်။ စစ်အုပ်စုက သိမ်းယူခဲ့သော အိမ်များနှင့် ပိုင်ဆိုင်မှုများ၏ ခန့်မှန်း တန်ဖိုးမှာ ကျပ်ငွေ သိန်း တစ်ထောင် ကျော်ရှိသည်။ HURFOM ၏ ယခင် အချက်အလက်များအရ မြဝတီရှိ သိမ်းဆည်းခံရသော အမှု ၈ ခုနှင့် မွန်ပြည်နယ် ကျိုက်ထို အပါအဝင် သထုံခရိုင်တွင် ၁၄ မှု ရှိသည်။

လ၏ နောက်ဆုံးပတ်အတွင်းတွင် စစ်တပ်က အသက် ၁၅ နှစ်အထိ ငယ်ရွယ်သူများပါဝင်သည့် အမျိုးသမီးငယ်များကို မတရား စွပ်စွဲချက်များဖြင့် ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ မေလ ၁၉ ရက်နေ့တွင် ထားဝယ်ခရိုင် လောင်းလုံတွင် စစ်ကောင်စီက အသက် ၁၆ နှစ်အရွယ် အမျိုးသမီး

## မေလ ၂၀၂၃

တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း မိသားစုဝင်များက ပြောသည်။ မေလ ၂၂ ရက်မှစ၍ သူနှင့် ပတ်သက်သည့် သတင်းအစအန မရရှိတော့ပေ။

စစ်ကောင်စီက ဆယ်ကျော်သက်အရွယ် မယဉ်ဖူးပွင့်ကို ဖမ်းဆီးခဲ့ကြောင်း မိသားစုဝင်များနှင့် သူငယ်ချင်းများက ပြောသည်။ သူ့ကို မောင်းမကန် ကမ်းခြေရှိ မိသားစုပိုင် ထမင်းဆိုင်မှ ဖမ်းခေါ်သွားခဲ့သည်။

“စစ်ထောက်လှမ်းရေးတွေက နာမည်နဲ့ ဆိုင်နာမည် အတိအကျနဲ့ အရပ်ဝတ်တွေဝတ်ပြီး အရင်လာတယ်။ နောက်မှ မောင်းမကန် ရဲစခန်းမှာ ရှိတဲ့ စစ်ကောင်စီ စစ်သားတွေက ကားတစ်စီးနဲ့ ရောက်လာပြီး ကျွန်တော်တို့ သမီးကို ဖမ်းသွားတာ။”

ရဲတပ်ဖွဲ့ဝင်အားလုံးနီးပါးသည် အရပ်ဝတ်များဝတ်လျက် လာရောက်ဖမ်းဆီးခဲ့သည်။ ဒေသခံတစ်ဦးက “ယဉ်ဖူးပွင့်က အွန်လိုင်းမှာ အရောင်းအဝယ်လုပ်တယ်။ ခုထိတော့ သူ့ကို ဘာကြောင့် ဖမ်းသွားတယ်ဆိုတာမသိရဘူး။ ပုံမှန်ဆိုရင် စစ်ကောင်စီက အောင်မြင်တဲ့သူတွေကို ပစ်မှတ်ထားလေ့ရှိတယ်။ စစ်တပ်က သူတို့ကတောက်လျှောက် စောင့်ကြည့်နေတာ။ ယဉ်ဖူးပွင့်က လက်ရှိ လှုပ်ရှားမှုနဲ့ ပတ်သက်တဲ့ ရေးသားချက်တခုခုကို ဝေမျှတာလား ထင်မြင်ချက် တစ်ခုခု ရေးတာလား သေချာမသိရဘူး။” ဟု အခြား ဒေသခံက ခန့်မှန်းသည်။ “ဖြစ်နိုင်တာတစ်ခုကတော့ အရင် အမှုတွေတုန်းကလိုပဲ စစ်တပ်က တော်လှန်ရေးကို ကူညီတယ်လို့ သံသယနဲ့ ဖမ်းသွားတာ ဖြစ်နိုင်တယ်။”

ရက်အနည်းငယ်ကြာသောအခါ နောက်ထပ် အမျိုးသမီးငယ်တစ်ဦး စစ်ကောင်စီ၏ ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ဒေသခံ သတင်းရင်းမြစ်များအဆိုအရ မွန်ပြည်နယ် မောင်ငန် ရပ်ကွက်တွင်နေထိုင်သော မချောစုသာ မှာ စစ်ကောင်စီ ထောက်လှမ်းရေးများက လူမှု ကွန်ရက်ပေါ်တွင် “သတင်းမှားများဖြန့်နေသည်” ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခြင်း ခံလိုက်ရသည်။ ဖမ်းဆီးခံရသူမှာ အသက် ၂၁ နှစ်သာ ရှိသည်။ သူ့ကို အိမ်တွင်လာရောက် ဖမ်းဆီးသွားခဲ့သည်။

စစ်ကောင်စီက သူ၏ Facebook ပေါ်တွင် “နိုင်ငံတော်နှင့် အများပြည်သူ၏ ငြိမ်ဝပ်ပိပြားမှု”ကို ပျက်စီးစေနိုင်သော အချက်အလက်များ တွေ့ရှိသည်ဟု ပြောသည်။ မချောစုသာ (မိ)မှာ တရားရုံးတွင် ရာဇဝတ်ဥပဒေ ပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆိုခံရပြီး အမိန့်အမှတ်  ၅၆/၂၀၂၃ ဖြင့် အပြစ်ပေးခံရသည်။ လက်ရှိတွင် လူမှုကွန်ရက် သုံးစွဲသူ အများအပြားမှာ စောင့်ကြည့်ခြင်း ခံနေရသည်။

အမျိုးသမီးများနှင့် မိန်းကလေးငယ် အများအပြားမှာ စစ်အုပ်စု၏ ပစ်မှတ်ထားခြင်းကို ဆက်လက် ခံနေရသည်။ ဥပဒေ ကင်းမဲ့ခြင်း သည် လိင်ဆိုင်ရာ အကြမ်းဖက်ခြင်းမှ ရှင်သန်လွတ်မြောက်သူများအတွက် တာဝန်ခံမှု တာဝန်ယူမှု လမ်းကြောင်းကိုလည်း ပျက်ပြားစေသည်။ မွန် အမျိုးသမီး အဖွဲ့များက မွန်ပြည်နယ်တလွှား ရွာများတွင်  ကလေးသူငယ် လိင်ဆိုင်ရာ ချိုးဖောက်မှု ဖြစ်ရပ်များ မြင့်မားလာပြီး အာဏာပိုင်များက အရေးယူမှု မရှိပဲ ရှိနေသည်ကို သတိပေးလျက်ရှိသည်။

နိုင်ငံရေး အကြပ်အတည်းနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် အမျိုးသမီးအဖွဲ့အစည်းများက ကျူးလွန်ခံရသူများကို မကူညီနိုင်ပဲ ရှိသည်။ “ရွာတွေမှာ ကလေးသူငယ် မုဒိန်းမှု ဖြစ်ရပ် အများအပြားကို ကျွန်မတို့ ကြားခဲ့ရတယ်။ မြန်မာနိုင်ငံမှာ ဥပဒေစိုးမိုးရေးက ပျက်စီးနေပြီး ရဲတွေက ဘယ်အမှုကိုမှ မကိုင်တွယ်တော့ဘူး။” ဟု မွန်အမျိုးသမီး ခေါင်းဆောင် တစ်ဦးက ပြောသည်။ အာဏာသိမ်းသည့် အချိန်မှ စ၍ ကလေးငယ်များ၏ အခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ခံနေရသည်။ အိမ်တွင်း အကြမ်းဖက်မှု အရေအတွက် နှင့် လိင်ဆိုင်ရာ ချိုးဖောက်မှု ဖြစ်ရပ်များလည်း တိုးမြင့်လာနေသည်။

လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် ကိန်းဂဏန်းအရေအတွက် အတိအကျ အသေးစိတ် အချက်အလက်များ ရရှိ ရန် ခက်ခဲသည်။

စစ်ကောင်စီက ခန့်ထားသော ရွာ အုပ်ချုပ်ရေးမှူးများက ကလေးသူငယ် လိင်ဆိုင်ရာ ချိုးဖောက်မှု ပါဝင်သော အမှုများအား ဥပဒေအရ ရုံးတင်ရန် ကြိုးပမ်းမှုများကို ပိတ်ဆို့ထားခြင်းဖြင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ဖော်ဆောင်ရန် ခက်ခဲစေသည်။ မွန်အမျိုးသမီး အဖွဲ့အစည်းများက စစ်ကောင်စီအနေဖြင့် ကလေးမုဒိန်းကောင်များကို လွှတ်ပေးခဲ့ကြောင်း ပြောဆိုထားကြသည်။

ထို့အပြင် နောက်ယောင်ခံမှုများ တိုးမြင့်လာခြင်းနှင့် ဥပဒေ ချိုးဖောက်ခြင်းတို့က စစ်အုပ်စု အနေဖြင့် တရားဝင်မှုကို ထင်ယောင်ထင်မှား ဖန်တီးရန် ဆန္ဒရှိနေမှုကို တစ်စုံတစ်ရာ အတိုင်းအတာအထိ နက်နက်ရှိုင်းရှိုင်း ပြသနေသည်။ လက်တွေ့တွင် ပြည်သူများက စစ်တပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်ခဲ့ကြပြီး ၎င်းတို့၏ လွတ်လပ်ခွင့်နှင့် စစ်တပ်ကြီးစိုးသော စနစ်များကို ဖြုတ်ပစ်ရန် ဆက်လက် လုပ်ဆောင်နေကြအုံးမည်ဖြစ်သည်။

ဤအကြမ်းဖက်လုပ်ရပ်များသည် စစ်အုပ်စု၏ ဆိုးရွားသော အမွေအနှစ်တွင် အမြစ်စွဲလျက်ရှိသည်။ စစ်ကောင်စီအပေါ် စစ်မှန်ပြီး အဓိပ္ပာယ်ရှိသော တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်နှင့် ရာဇဝတ်မှုများအားလုံးအတွက် တရားရုံးတွင် တာဝန်ခံမှုကို ဖော်ဆောင်နိုင်ခြင်းမရှိသ၍ ဤရာဇဝတ်မှုများ ဆက်လက် ဖြစ်ပွားနေပေလိမ့်မည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြှင့်ခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးသတင်းမှတ်တမ်းပြုစုလေ့လာသူများအနေဖြင့် မွန်၊ ကရင် နှင့်  တနင်္သာရီတိုင်းဒေသရှိ ပစ်မှတ်ဒေသများတွင် စစ်အုပ်စုတို့မှ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်းကို အန္တရာယ်အတားအဆီးများကြား ဆက်လက်ဆောင်ရွက်နေပါသည်။

**မတရားဖမ်းဆီးခံမှု ၁၁၉ ဦး ၊ ထိန်းသိမ်းခံရသူ ၇၇ ဦး၊ ဒဏ်ရာရသူများ ၄၅ ဦး၊ သေဆုံး/ သတ်ဖြတ်ခံရသူများ ၂၄ ဦး**

### မွန်ပြည်နယ်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မတရားဖမ်းဆီးခံရမှု ၊ သတ်ဖြတ်ခံရမှု နှင့် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ

**မေလ ၂၀၂၃**




**3+**

**စစ်အစိုးရက ပစ်မှတ်ထားသည့် ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများ**

**7**

၂၀၂၃ မေလ မှတ်တမ်းတင်နယ်မြေအတွင်း အသံတိတ်
သပိတ် စုစုပေါင်းအရေအတွက်

**4**

တနင်္သာရီတိုင်းဒေသကြီး

**3**

မွန်ပြည်နယ်

**1**

ကရင်ပြည်နယ်

## ၂၄,၅၀၀+

## နေရပ်မှ အတင်းအဓမ္မစွန့်ခွာ ထွက်ပြေးရသူများစာရင်း

**ပစ်မှတ်ထားဖိနှိပ်ချိုးဖောက်ခံကြရသည့် ဒေသခံပြည်သူများစာရင်း (မွန်၊ ကရင် နှင့် တနင်္သာရီတိုင်းဒေသကြီး)**

**8+**

အာဏာဖီဆန်ရေးပြည်သူလှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သည့်အတွက် အလုပ်မှထုတ်ပယ် ခံရသူများစာရင်း

**6+**

တက်ကြွလှုပ်ရှားသူများ သပိတ်မှောက်ဆန္ဒပြမှုများတွင် ပါဝင်သူများအား အာဏာသိမ်းအုပ်စုတို့မှ ပြစ်ဒဏ်ချမှတ်သည့် စာရင်း

**7+**

ဖေဖော်ဝါရီလအတွင်း ပျောက်ဆုံးနေသူများ စာရင်း

# 80+

ရှောင်တခင် တားဆီးစစ်ဆေးစဉ်အတွင်း
မတရားသိမ်းယူမှုများ

## 140+

ပျက်စီးဆုံးရှုံးမှု နေအိမ်များ



## 54+

မီးလောင်ကျွမ်းမှု နေအိမ်များ

## 65+

တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းနှင့် မွန်ပြည်နယ်တောင်ပိုင်းဒေသအတွင်း မော်တော်ဆိုင်ကယ် အသိမ်းခံရမှု အရေအတွက်

## 47+

လူ့အခွင့်အရေးမှတ်တမ်းတင် ပစ်မှတ်ဒေသအတွင်း ညအချိန် ဝင်ရောက်စီးနင်းရှာဖွေမှုနှင့် မတရားစွပ်စွဲဖမ်းဆီးခံရသည့် အရေအတွက်

## 11+

ဖမ်းဆီးခံရသူများအား ငွေဖြင့် ပြန်ရွေးယူစေသည့် ဖြစ်ရပ်ပေါင်း



## 12+

မြန်မာနိုင်ငံ အရှေ့တောင်ဒေသအတွင်း
လေကြောင်းတိုက်ခိုက်ခံရမှု အရေအတွက်

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

## ကရင်ပြည်နယ်

- IDP 20,200 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 18 ဦးခန့်
- သေဆုံးသူ 9 ဦးခန့်

HURFOM မှတ်တမ်းအဖွဲ့က ကရင်ပြည်နယ်အတွင်း အရပ်သားများအပေါ် ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုများကို အစီရင်ခံထားသည်။ မည်သည့် တိုက်ပွဲများကမျှ အမျိုးသမီးနှင့် ကလေးများ ပြင်းထန်သော ဒဏ်ရာရမှု မရှိသည့်အခါ ထို တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့သည်။ ပစ်မှတ်သတ်မှတ်မှု မရှိပဲ ရမ်းသန်းပစ်ခတ်သည့် သဘောသဘာဝ ရှိပြီး စစ်အုပ်စု၏ ရက်စက် ကြမ်းကြုတ်မှုများသည် ပြည်နယ်အတွင်း နက်နက်ရှိုင်းရှိုင်း မလုံခြုံမှု နှင့် အကြောက်တရား ကြီးစိုးသည့် ပတ်ဝန်းကျင်ကို ဖန်တီး ဖြစ်ပေါ်စေသည်။

ကရင့်အမျိုးသား အစည်းအရုံး (KNU) တပ်မဟာ ၃ မှ ဗဟို ပြန်ကြားရေး ဌာန အဆိုအရ စစ်ကောင်စီ တပ်ဖွဲ့များသည် ပဲခူးတိုင်း ဒေသကြီး ညောင်လေးပင် ခရိုင်၊ ကျောက်ကြီး မြို့နယ်အတွင်း အသက် ၂၃ နှစ်အရွယ် ကရင်ရွာသားကို ပစ်သတ်ခဲ့ကြသည်။ ၎င်းတို့က အခြားရွာသားနှစ်ဦးကိုလည်း စစ်တပ်စခန်းအတွင်း စစ်ကြောရေး လုပ်ဆောင်ရာတွင် လူမဆန်စွာ နှိပ်စက်ညှင်းပမ်းခဲ့သည်။

မေလ ၃ ရက် ညနေ ၇ နာရီ ၂၀ မိနစ်တွင် ညောင်လေးပင် ခရိုင် ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းမြို့ တံခွန်တိုင် ရပ်ကွက်တွင် နေထိုင်သူ စောလေးလေးထူး မှာ ရေတွင်းကုန်းရပ်ကွက်မှ အလုပ်သို့ ပြန်လာစဉ် နတ်သံကွင်း အထွေထွေ ဆေးရုံရှေ့တွင် ပစ်သတ်ခံလိုက်ရခြင်း ဖြစ်သည်ဟု ဆိုသည်။ စောလေးလေးထူးကို ကူညီရန် သွားရောက်ခဲ့သူ မျက်မြင်သက်သေတစ်ဦးက စစ်ကောင်စီ စစ်သားများက သေနတ်ဖြင့် ပစ်ခဲခြင်း ဖြစ်သည်ဟု သတင်းထောက်များကို ပြောသည်။ ကျူးလွန်သူမှာ ဗုံသာတော် ရပ်ကွက်မှ ကင်းလှည့်တာဝန်မှ ပြန်လာသော အရာရှိများထဲမှ တစ်ဦး ဖြစ်သည်။ *"ကျွန်တော် သေနတ်သံကြားလိုက်ပြီး လမ်းပေါ်မှာ အလောင်းကို တွေ့တယ်။ သူ့ကို ဘယ်သူမှ သွားမကြည့်ရဲဘူး။"* ဟု သူက ပြောသည်။ ကျူးလွန်ခံရသူ၏ မော်တော်ဆိုင်ကယ်နှင့် ခန္ဓာကိုယ်မှာ လမ်းပေါ်တွင် လဲကျလျက်ရှိသည်။ ပိုက်ဆံအိတ်နှင့် အခြား ပစ္စည်းများကို ယူဆောင်သွားကြသည်။

စစ်ကောင်စီ တပ်ရင်းများမှာ လက်နက်ကြီးများဖြင့် ဒေသခံ ပြည်သူများ၏ နေအိမ်များကို အဆက်မပြတ် ပစ်ခတ်လျက်ရှိကြသည်။ နယ်မြေအတွင်း လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခြင်း မရှိသော်လည်း လက်နက်ကြီးများဖြင့် လူထုနေအိမ်များကို ပစ်ခတ်သောအခါ အချို့သော ဖြစ်စဉ်များတွင် အမျိုးသမီးများနှင့် ကလေးများအပါအဝင် ဒေသခံပြည်သူများ သတ်ဖြတ်ခံရခြင်းသို့မဟုတ် ဒဏ်ရာရခြင်းများ ရှိသည်။ မေလ ၅ ရက်နေ့တွင် ကော့ကရိတ်အခြေစိုက် ခလရ ၉၇ က မနက် ၇ နာရီခွဲတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ရာ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာရခဲ့သည်။

*"လက်နက်ကြီး ကျည်တွေ ကျွန်တော်တို့ ရွာထဲကို ကျပြီး ပေါက်ကွဲတယ်။ သူတို့က ညရောက်တဲ့အထိ ဆက်ပစ်နေကြတယ်။ တချို့တွေက ရွာပြင်ဘက်မှာ ကျတယ်။"* ဟု ဒေသခံ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။ ကျူးလွန်

ခံရသူ ရွာလယ်ရပ်မှ အသက် ၅၈ နှစ်အရွယ် နော်မလတ်မှာ သူ၏ ဦးခေါင်း ညာဘက်ခြမ်းကို လက်နက်ကြီးကျည် ထိမှန်ခံရသည်။ အသက် အန္တရာယ်ကို မစိုးရိမ်ရသော်လည်း ကုသမှု အကြီးအကျယ်လိုအပ်သည်။ လက်ရှိ

ခမရ ၉၇ နှင့် လှိုင်း၀ တောင်ပေါ်ရှိ စစ်တပ်များက မြို့အတွင်းသို့ လက်နက်ကြီးကျည်များ အဆက်မပြတ် ပစ်ခတ်လျက်ရှိသည်။ အစီအစဉ်တကျမဟုတ်ပဲ ပစ်ခတ်မှုကြောင့် တခါတရံ သူတို့ အိမ်များကို ထိခိုက်သဖြင့် ပေါက်ကွဲမှုများကြောင်း ကြောက်လန့်လျက်ရှိသည်။

“သူတို့ စစ်တပ်စခန်းက လှိုင်း၀တောင်မှာ ရှိပြီး အစီအစဉ်တကျမဟုတ်ပဲ ပစ်ချင်သလို ပစ်နေတော့ ဘယ်သူမှ အလုပ်လုပ်ဖို့ စားသောက်ဖို့ အပြင်ကို မထွက်ရဲကြတော့ဘူး။ လူ ဆယ်ယောက်ကျော် ထိခိုက်သေဆုံးမှု ရှိခဲ့တယ်။  သူတို့မွေးမြူထားတဲ့ တိရစ္ဆာန်တွေ အပါအဝင်  ဒေသခံတွေ အိမ်တွေ၊ ပိုင်ဆိုင်မှုတွေ နဲ့ အိမ်မွေးတိရိစ္ဆာန်တွေကို ဆုံးရှုံးကြတယ်။ ပစ်ခတ်မှု အများစုဟာ ခမရ ၉၇ က လာတယ်။ တိုက်ပွဲ ဖြစ်တာမရှိပေမယ့် သူတို့က ပစ်ချင်တဲ့အချိန် ရမ်းသန်းပစ်နေတယ်။ တဖက်မှာလည်း ကျွန်တော်တို့ဟာ အသက် အန္တရာယ် ရင်ဆိုင်နေရသလို တခြားတဖက်မှာလည်း အစားအစာ ငတ်မွတ်မှုကို ရင်ဆိုင်နေရတယ်။” ဟု ရွာသား တစ်ယောက်က ပြောသည်။

တိုက်ခိုက်မှုတွေက အချိန်မရွေးဖြစ်နိုင်တယ်။

လက်နက်ကြီး ကျည်တွေက ကရင်ပြည်နယ် ကော့ကရိတ်မြို့အထွက်အနီးက အုတ်စက်ရုံ အနီးတွင် မေလ ၆ ရက် နံနက် ၆ နာရီခန့်တွင် ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုအတွင်းတွင် အရပ်သား တစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ အမည်မဖော်လိုတဲ့ မျက်မြင်သက်သေ၏ ပြောကြားချက်အရ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကော့ကရိတ် မြို့အရှေ့ဖက်ခြမ်း တောင်ကုန်းပေါ်တွင် အခြေပြုထားသည်။ ၎င်းတို့က ဒေသခံ ကရင် ရွာများဆီသို့ လက်နက်ကြီးများကို ရမ်းသန်း ပစ်ခတ်ကြသည်။

လက်နက်ကြီးကျည်အများစုမှာ လူနေအိမ်နေရာများ အနီးနှင့် လူနေအိမ်များအတွင်း ကျရောက်ခဲ့သည်။ အချို့သော အိမ်များမှာ အမြောက်ကျည်ဆံများကြောင့် ပျက်စီးမီးလောင်ခဲ့သည်။ ရွာသားများက လက်နက်ကြီး ပစ်ခတ်သံများ ကြားသောအခါ သူတို့အိမ်များမှ ထွက်ပြေးကြသည်။ အချို့မပြေးနိုင်သူများမှာ မြောင်းများအတွင်းတွင် ပုန်းအောင်းကြရသည်။

စစ်ကောင်စီ တပ်ဖွဲ့များ၏ လက်နက်ကြီးကျည်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ ခြောက်ဦး စလုံးမှာ ဒေသခံ ရွာသားများ မဟုတ်ကြပါ။ အိမ်အနီးတွင် နေထိုင်သူ တစ်ဦး အဆိုအရ ထိုသူများမှာ အလုပ်အခွင့်အလမ်း အတွက် ယာယီပြောင်းရွှေ့နေထိုင်နေစဉ် သတ်ဖြတ်ခံရခြင်း၊ ဒဏ်ရာရခြင်း ဖြစ်သည်။

“ဒီနယ်မြေမှာရှိတဲ့ အိမ်တွေအားလုံးကော ပတ်ဝန်းကျင်ကော စစ်မြေပြင်လို့ ပြောနိုင်တယ်။ စစ်တပ်တွေက ဒီနေရာ တဝိုက် အနည်းဆုံး နေရာသုံးခုမှာ တပ်စွဲထားပြီး နေ့စဉ် ပစ်ခတ်နေတယ်။ ဘယ်နေရာမှ လုံခြုံတယ်လို့ ပြောလို့ မရတော့ဘူး။ အလုပ်အတွက်ဖြစ်ဖြစ် တခြားကိစ္စ အတွက် ဖြစ်ဖြစ် တစ်နေရာက တစ်နေရာ သွားတာ မလုံခြုံတော့ဘူး။ အသက်မွေးဝမ်းကျောင်းဖို့ အလုပ်တစ်ခုခု လုပ်ဖို့ တကယ်ကို ခက်သွားပြီ။ ကျွန်တော်တို့ လူသားချင်းစာနာမှု အကူအညီတွေလည်း လိုပါတယ်။ လူတော်တော်များများက တော့ ထွက်ပြေးနေကြပြီး ဒီမြို့ အနီးတဝိုက်မှာ နေကြတယ်။ ကျွန်တော့်အနေနဲ့ အလှူရှင်တွေနဲ့ လူမှု အဖွဲ့အစည်းတွေကို ကျွန်တော်တို့ကို ပံ့ပိုးပေးကြဖို့ တောင်းဆိုချင်ပါတယ်။” HURFOM နှင့် စကားပြောခဲ့သော အသက် ၅၀ အရွယ် လူတစ်ဦးက ပြောသည်။

မေလ ၇ ရက်တွင် နယ်မြေအတွင်း လက်နက်ကိုင် ပဋိပက္ခ တစ်စုံတစ်ရာ မရှိသော်လည်း စစ်ကောင်စီက ပစ်မှတ်သပ်သပ်မှတ်မှတ်မထားသော တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည်။ စစ်အုပ်စုက မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ကရင်ပြည်သူများနေထိုင်ကြသည့် ရွာ

တစ်ရွာကို လေကြောင်းမှာ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ မေလ ၇ ရက် ညတွင် နှင့် မေ ၈ ရက် နံနက်တွင် နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ဤသို့ ရုတ်တရက် လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ဒေသခံ ရွာသား ၈ ဦး အပြင်းအထန် ဒဏ်ရာ ရခဲ့သည်။ သုံးဦးမှာ စိုးရိမ်ရသော အခြေအနေတွင် ရှိပြီး ခန့်မှန်းခြေအရ ဒေသခံရွာသား ၅၀၀ ခန့်သည် ဘေးလမူ ကျေးရွာအုပ်စုတွင် တည်ရှိသော ကရင်တိုင်းရင်းသားအများစုနေထိုင်သည့် ဝါပါတေး ရွာမှ သူတို့၏ အိုးအိမ်များကို စွန့်ခွာ ထွက်ပြေးကြရသည်။ တိုက်ခိုက်မှုကြောင့် ထွက်ပြေးရသူများထဲမှ ရွာသားတယောက်က မေလ ၇ ရက်တွင်စစ်တပ်က လေကြောင်း တိုက်ခိုက်မှုကို ဂျက်လေယာဥ်များဖြင့် စတင်ခဲ့သည်ဟု ပြောသည်။

“ည ၁၁ နာရီလောက်မှာ ဂျက်လေယာဥ်အသံတွေ ကြားတယ်။ ကျွန်တော်တို့ ချက်ချင်းပဲ သိလိုက်တယ် ရိုးရိုးလေယာဥ်အသံ မဟုတ်ဘူး၊ ကျွန်တော်တို့ အိမ်နားက မြောင်းထဲမှာ ပြေးပုန်းလိုက်တယ်။ ထင်တဲ့အတိုင်းပဲ ကျောင်းနားမှာ စပြီး ဗုံးပေါက်ကွဲ သံတွေ ကြားရမယ်။” ချောင်းနှစ်ခွ၊ ဝါပါတေ၊ နှင့် သပါတော ရွာများ ပတ်ဝန်းကျင်တွင် မည်သည့် တိုက်ပွဲ ဖြစ်ပွားခြင်းသို့မဟုတ် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားနေခြင်း မရှိပါ။ “သူတို့ လေယာဥ်တွေနဲ့ ဘာကြောင့် လာတိုက်တယ်ဆိုတာ ကျွန်တော်တို့ နားမလည်ဘူး။”

ရွာသား ရှစ်ဦးခန့် ဗုံးတိုက်ခိုက်မှုတွင် ဒဏ်ရာရခဲ့သည်။ ထိုအထဲမှ သုံးဦးမှာ အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ သာပါတော  ရွာသား နှစ်ဦး မှာ မေလ ၈ ရက်နေ့တိုက်ခိုက်မှုတွင် ဝါပါတေရွာအပြင်ဘက်က သူတို့၏ တဲအတွင်း ဒဏ်ရာရခဲ့သည်။

အနည်းဆုံး အိမ်ငါးလုံး၊ ကျောင်းတစ်ကျောင်းနှင့် အခြားရွာအဆောက်အအုံများ ပျက်စီးခဲ့သည်။ ချောင်းနှစ်ခွ၊ ဘေးလမု၊ နှင့် သာပါတောရွာများမှ ခန့်မှန်းချေ ရွာသား ၅၀၀ ခန့်မှာ တိုက်ခိုက်မှုမှ ထွက်ပြေးခဲ့ကြရသည်။

သာပါတောရွာ (ဝါပါတေရွာအနီးရှိရွာ) မှ သီးခြားသတင်းရင်းမြစ်နှစ်ဦး အဆိုအရ မေလ ၇ ရက်နှင့် ၈ ရက် လေကြောင်းတိုက်ခိုက်မှု ကြောင့် သာပါတောနှင့် အခြာ,း ရွာများမှ ရွာသားများ စစ်ဘေးရှောင်ထွက်ပြေးခဲ့ကြသည်။ နယ်မြေအတွင်းရှိ PDF အဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပြီး အနည်းဆုံး ငါးဦး ဒဏ်ရာရခဲ့သည်။ သို့ရာတွင် HURFOM သည် ဤ အချက်အလက်ကို အတည်ပြုနိုင်ရန် ကြိုးပမ်းနေဆဲ ဖြစ်သည်။

လက်ရှိတွင် တိုက်ပွဲများမှ ထွက်ပြေးလာသော ချောင်းနှစ်ခွ၊ ဘေးလမု၊ သာပါတော နှင့် အခြား ရွာများမှ ရွာသားများသည် ရေမြို့နယ် ၏ အရှေ့တောင်ဘက်ရှိ (တောင်၏အနောက်ဘက်) တောများအတွင်း ပုန်းအောင်းနေကြပြီး ထိုနေရာများကို ကယ်ဆယ်ရေးနှင့် လူမှု လုပ်သားများ ယခု အချိန်တွင် လက်လှမ်းမမီပဲ ရှိသည်။ ကလေးများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများမှာ စစ်ပွဲကြောင့် အထိခိုက်ဆုံးဖြစ်သည်။ အစားအစာ၊ သောက်ရေ နှင့် နေထိုင်ရေးမှာ အရေးပေါ် လိုအပ်လျက်ရှိသည်ဟု KNU တပ်ရင်း ဆေးအဖွဲ့ အမှတ် ၁၆ က ပြောသည်။

ပစ္စည်းဥစ္စာများ ဖျက်စီးခြင်းသည် ၎င်းတို့၏ ရှင်းလင်းရေး စစ်ဆင်ရေးများအတွင်း စစ်အုပ်စုက ကျူးလွန်သော နောက်ထပ် ရာဇဝတ်မှု ဖြစ်သည်။ မေလ ၉ ရက်နေ့ ညနေပိုင်းက ကောက်ယူသော ကွင်းဆင်းအချက်အလက်များ အရ မနက် ၅ နာရီတွင် ညောင်လေးပင် ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ပိုးလိုးနို့ဖိုးရွာတွင် ရွာ ဘုရားကျောင်း၊ လူထုက ဖွင့်လှစ်ထားသော မူလတန်းကျောင်း နှင့် ခန့်မှန်းချေ အိမ် ၂၀ ခန့်မှာ စစ်ကောင်စီ၏ လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည်။

ထိုနေ့ အစောပိုင်းကပင် စစ်ကောင်စီ တပ်ဖွဲ့များသည် ကျောက်ကြီးမြို့နယ် လဲဝဲကြီး ရွာ ကို တိုက်ခိုက် စီးနင်းခဲ့ရာ အိမ်ပေါင်း ၃၀ ကျော် ပျက်စီးခဲ့သည်။ ကျောင်းတစ်ကျောင်း၊ ဘုရားကျောင်းနှင့် မူကြိုကျောင်းမှ အခြားအဆောက်အဦးအားလုံး နှင့် အများပိုင်နေရာများမှာ

လည်း ထိုစစ်တပ်များ၏ မီးရှို့ဖျက်ဆီးခြင်းကို ခံခဲ့ရသည်ဟု တပ်မဟာ ၃ နယ်မြေမှ မှတ်တမ်းအဖွဲ့က ပြုလုပ်ခဲ့သော ကွင်းဆင်းသုတေသနအရ သိရသည်။

ကျောက်ကြီးမြို့နယ်ရှိ လဲဝဲကြီး နှင့် ပိုးလိုးနို့ဖိုး ရွာများတွင် အိမ်ခြေ ၁၂၀ ကျော်ရှိပြီး လူဦးရေမှာ ၁,၂၀၀ ကျော်ရှိသည်။ KNU တပ်မဟာ ၃ အဆိုအရ နေထိုင်သူ အများစုမှာ ထိုသို့သော ရှင်းလင်းရေး စစ်ဆင်ရေးများကြောင့် ထွက်ပြေးသွားပြီးဖြစ်ပြီး သူတို့၏ နေအိမ်များသို့ ပြန်မလာနိုင်ကြတော့ပေ။

၂၀၂၃ ခုနှစ် မေလ ၁၃ ရက်နေ့မှ စ၍ ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်အတွင်းက ကတ္တရာ လမ်းများကို စစ်တပ်က ဖျက်ဆီးလျက်ရှိသည်။

"တောင်ကြာအင်းတံတားနားက လမ်းကိုလည်း သူတို့ဖျက်ဆီးတယ်။ ခမရ ၃၄၃ က ဒုတပ်ရင်းမှူးက ဖျက်ဆီးမှုကို ကွပ်ကဲတယ်။ သူတို့က ဘက်ဟိုးတွေနဲ့ လမ်းတွေကို ဖျက်ကြတယ်။ အခုဆိုရင် ကော့ကရိတ်မြို့နယ်ထဲက ရွာပေါင်း ၃၀ လောက် အဆက်အသွယ် ပြတ်နေပြီ။ ရွာသားတွေအားလုံး ဒုက္ခတွေ့ကြတယ်။" ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

မေလ ၁၃ ရက်နေ့တွင် စစ်တပ်သည် ကော့ကရိတ်တောင်ပိုင်းကို ဆက်သွယ်ထားသော လမ်းများကိုလည်း ဖျက်ဆီးခဲ့ပြီး မေလ ၁၄ ရက်တွင် သူတို့သည် ကော့ကရိတ်-ကျိုက်ဒုံလမ်း နှင့် ကမိုင်ကုန်းလမ်းအကြားရှိ လမ်းပိုင်းကို ဖျက်ဆီးခဲ့ကြသည်။ ထို့နောက် သူတို့သည် မေလ ၁၇ ရက်တွင် တောင်ကြာအင်းတံတား အနီးရှိ ကတ္တရာလမ်းကို ဖျက်ဆီးခဲ့ကြသည်။

"စိုက်ခင်းတွေက ထွက်တဲ့ အသီးအနှံတွေကို သယ်လို့ မရတော့ဘူး၊ ဒါမှမဟုတ်လည်း ကျွန်တော်တို့ ရွာတွေမှာ စိုက်ပျိုးထားတဲ့ အသီးအရွက်တွေကို ရောင်းလို့ မရတော့ဘူး။ ကျွန်တော်တို့ ဘာမှ လုပ်လို့ မရဘူး။ ကျွန်တော်တို့ မော်လမြိုင်ကို သွားဖို့ သိပ်ဝေးတဲ့ ကြာအင်းဆိပ်ကြီးလမ်းကို သုံးရတယ်။ ကျွန်တော်တို့ အားလုံး သယ်ယူပို့ဆောင်ရေးအတွက် အခက်တွေ့ကြတယ်။" ဟု ကော့ကရိတ် မြို့ အသီးရောင်းသူတစ်ဦးက ပြောသည်။ လမ်းများကို ဖျက်ဆီးပြီးသော အခါ စစ်အုပ်စုသည် ဟောင်သရော မြစ် ကမ်းတလျှောက်ရှိ ကျေးရွာများကို ပစ်မှတ်ထားလျက် လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည်။

"သူတို့က တော်လှန်ရေးအဖွဲ့တွေ မြို့ထဲဝင်လာပြီး သူတို့ကို တိုက်မှာ ကြောက်ကြတယ်။ ဒါကြောင့်လဲ သူတို့က လမ်းတွေကို ဖျက်ဆီးပစ်တယ်။" ဟု ကော့ကရိတ် ဒေသခံတစ်ဦးက ပြောသည်။

မေလ ၂၁ ရက်တွင် လက်နက်ကြီး ပစ်ခတ်မှုများ ကြောင့် အပြစ်မဲ့ ကလေးငယ် တစ်ဦး သေဆုံးခဲ့သည်။ လူနှစ်ဦး ဒဏ်ရာရခဲ့ပြီး ရွာပေါင်း ကိုးရွာမှ ရွာသား ၁၂,၀၀၀ ကျော် သူတို့၏ နေအိမ်များကို စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ စစ်အုပ်စုက ညောင်လေးပင် ခရိုင်အတွင်းတွင် ရွာများကို လက်နက်ကြီးများဖြင့် ဆက်လက်၍ ရမ်းသန်းပစ်ခတ်နေဆဲဖြစ်သည်။ ၂၀၂၃ ခုနှစ် မေလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ရရှိသော သတင်းအချက်အလက်များအရ ခမရ ၅၉၉၊ ခမရ ၅၉၀၊ ခလရ ၄၄ နှင့် ခလရ ၈၄ မှ တပ်ဖွဲ့များပါသော စစ်ကောင်စီ၏ ပူးပေါင်း စစ်တပ်ဖွဲ့ က မုဒုံမြို့နယ်အတွင်း ဆာဝေနှင့် ကျွန်းတော ရွာများကို လက်နက်ကြီး အလုံး ၅၀ ကျော် ပစ်ခတ်ခဲ့သည်။ ထိုနယ်မြေများမှာ မွန်ပြည်နယ် နယ်စပ်နှင့် ပဲခူးအရှေ့ပိုင်းတွင် ရှိပြီး ကရင့်အမျိုးသား အစည်းအရုံး၏ ထိန်းချုပ်ထားသော နယ်မြေများဖြစ်သည်။

မေလ ၁၈ ရက် နံနက်စောစောမှ စ၍ ထို စုပေါင်း တပ်ဖွဲ့များသည် သူတို့ စခန်းချထားသော ရွာပြင်နေရာမှ အဆက်မပြတ် ပစ်ခတ်နေခဲ့ကြသည်။ အခုအချိန်အထိ အသက် ၁၄ နှစ်အရွယ် ကောင်လေး တစ်ဦး သေဆုံးခဲ့သည်။ ထို့နောက် အသက် ၄၇ နှစ်အရွယ် အမျိုးသမီး တစ်ဦး နှင့် နောက်ထပ် အသက် ၁၈ နှစ်အရွယ် ကောင်လေးတစ်ဦး လက်နက်ကြီးအစများ ကြောင့် ဒဏ်ရာရခဲ့သည်။

ထိခိုက်သေဆုံးမှုများအပြင် ဘုန်းကြီးကျောင်းတစ်ကျောင်းအပါအဝင် အိမ်အများအပြားနှင့် တိရစ္ဆာန်များ ပျက်စီးသွားခဲ့ကြောင်း ထိုရွာနှစ်ရွာမှ ထွက်ပြေးလာသူများက ပြောသည်။ KNU တပ်မဟာ ၃ မှ ဒေသခံ အရာရှိများအဆိုအရ နေရာသစ်တွင် အစားအစာ၊ အသုံးအဆောင်နှင့် နေရာထိုင်ခင်း အကူအညီများ အရေးပေါ် လိုအပ်လျက်ရှိသည်။

KNU တပ်မဟာ ၆ သတင်းပြန်ကြားရေး ဌာနက ထုတ်ပြန်ချက်အရ မေလ ၂၃ ရက် ည ၁၁ နာရီခွဲတွင် စစ်ကောင်စီ လေတပ်များသည် ဂျက်တိုက်လေယာဉ်များဖြင့် ဗုံးနှစ်လုံး ကြဲချခဲ့သည်။ တိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ်၊ ကော့ကရိတ် မြို့နယ်၊ မော်ခီး ကျေးရွာအုပ်စု ခလယ်လော်ကျေးရွာမှ အိမ်အချို့နှင့် ဘုရားကျောင်း ပျက်စီးသွားခဲ့သည်။

"လေယာဉ်တွေက နေပြည်တော် လေတပ်က တိုက်ရိုက်လာတယ်လို့ ယုံကြည်ရတယ်။ ထိခိုက်ဒဏ်ရာရမှုမရှိပေမယ့် ဘုရားကျောင်းကတော့ လုံးလုံး ပျက်စီးသွားတယ်။ လူအများမကြာခဏ အသုံးပြုလေ့ရှိတဲ့ ဘာသာရေးအဆောက်အအုံတွေ ဆက်လက် ဖျက်ဆီးခံနေရတယ်။ ကျွန်တော်တို့ စစ်တိုက်နေတာ ဆယ်စုနှစ် လေးခု ရှိခဲ့ပြီ။"

မေလ ၂၂ ရက်တွင် KNU အုပ်ချုပ်ရေး နယ်မြေ မုဒုံမြို့နယ်၊ ညောင်ကုန်းရွာတွင် ဒရုန်းတစ်စီးဖြင့် ပစ်ခတ်မှုနှစ်ကြိမ်ကြောင့် ကျောင်းတစ်ကျောင်း၊ လူနေအိမ် နှစ်လုံးနှင့် လူထုပိုင်သစ်သားခန်းမ တစ်ခု ပျက်စီးသွားခဲ့သည်။

မြေပြင် ဝန်ဆောင်မှု ပေးသူများထံမှ ရရှိသော သတင်းအချက်အလက်များအရ ၂၀၂၃ ခုနှစ် မေလ အတွင်း လေကြောင်းမှ ရမ်းသန်းပစ်ခတ် တိုက်ခိုက်မှုများနှင့် စစ်ကောင်စီ တပ်ရင်းများမှ ပစ်ခတ်သော လက်နက်ကြီးများကြောင့် လူပေါင်း ၂၁,၈၈၀ ခန့်အထိ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ဥပဒေမဲ့ ဖမ်းဆီး ထိန်းသိမ်းခံထားရပြီး စစ်ကောင်စီ တပ်ဖွဲ့များ၏ စစ်ကြောမေးမြန်းခြင်းခံနေခဲ့ရသည့် ဒေသခံ ၅၅ ဦး အနက် လေးဦးသာလျှင် တောင်းဆိုသော ငွေကြေးပေးသဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်ဟု မိသားစုများက ပြောသည်။

ကျန်ရှိနေသေးသော ဥပဒေမဲ့ ဖမ်းဆီးခံရသည့် လူ ၅၀ မှာ စစ်တပ် စစ်ကြောရေး စခန်းများတွင်ပင် နေ့စဉ် နှိပ်စက် ထိန်းသိမ်းခြင်းခံနေရသည်ဟု ပြန်လည် လွတ်မြောက်လာသော ရွာသားများနှင့် နီးစပ်သော သတင်းရင်းမြစ်များက အတည်ပြုသည်။

ကော့ကရိတ် မြို့နယ်တွင် အခြေစိုက်သော ကရင် အမျိုးသား အစည်းအရုံး KNU နှင့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ PDF ပူးပေါင်းတပ်ဖွဲ့များကို သတင်းနှင့် ဘဏ္ဍာရေး ပံ့ပိုးမှုများပေးသည်ဟူသော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များဖြင့် ကော့ကရိတ်မှ လူပေါင်း ၅၄ ဦးမှာ မေလ ၇ ရက်မှ ၂၂ ရက်အထိ စစ်ကောင်စီတပ်ဖွဲ့များ၏ ဖမ်းဆီး စစ်ကြောခြင်းကို ခံနေခဲ့ရသည်။

သက်ဆိုင်ရာ မိသားစုဝင်များက စစ်ကောင်စီတောင်းဆိုသော ငွေကြေးပေးရန် ဆုံးဖြတ်လိုက်သောကြောင့် မေလ ၂၅ ရက်တွင် ဤအုပ်စုမှ လူ ၄ ဦးမှာ ပြန်လည် လွတ်မြောက်လာခဲ့သည်။ လူတစ်ဦးချင်းအတွက် သူတို့မည်၍ မည်မျှ ပေးခဲ့ရသည်ကို အတည်ပြုချက်မရယူနိုင်သော်လည်း တစ်ဦးချင်းစီလျှင် မြန်မာကျပ် သိန်း ၂၀ ကျော်ပေးရသည်ဟု ပြင်ပ အချက်အလက်များက ဆိုသည်။

ထိန်းသိမ်းခံရသူ အချို့နှင့် နီးစပ်သော သတင်းရင်းမြစ်များက စစ်တပ်က တောင်းဆိုသော ငွေကြေးကို ပေးနိုင်ခြင်းမရှိသည့် ထိန်းသိမ်းခံထားရသူ ၅၀ ခန့်မှာ သူတို့ မိသားစုဝင်များနှင့် အဆက်အသွယ်ပြတ်နေကြသည်။

“ဒီလူတွေက ဒီနယ်မြေမှာ လှုပ်ရှားနေတဲ့ တော်လှန်ရေး တပ်ဖွဲ့တွေကို လက်နက်တပ်ဆင်ပေးတဲ့ ဗိုလ်ကြီးကျော်သက်နဲ့ ကျားဖြူ လက်နက်ကိုင် တပ်ဖွဲ့တွေကို ကူညီပေးတယ်ဆိုတဲ့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေ အပေါ်မှာ ဖမ်းခံရတာ။ လုပ်တဲ့သူတွေက လှိုင်းဘွဲ့ မြို့ပြင်မှာ အခြေစိုက်တဲ့ ခလရ ၉၇ က တပ်ဖွဲ့တွေ ဖြစ်တယ်။” ဟု သူက ပြောသည်။

မေလ ၁ ရက်မှ ၂၁ ရက်အတွင်း ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသော ဒေသခံ ၅၀ ကျော်အနက် ပိုက်ဆံပေးပြီးနောက်တွင် လူ ၄ ဦးခန့်သာ ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း သူတိုထဲမှ အချို့မှာ သူတို့၏ မိသားစုဝင်များနှင့် ဆက်သွယ်နိုင်ခြင်း မရှိသေးဟု ဖမ်းဆီးခံရသော သူများ၏ မိသားစုဝင်များနှင့် နီးစပ်သူ တစ်ဦးက ပြောသည်။

ရွာအုပ်ချုပ်ရေးနှင့် နီးစပ်သော သတင်းရင်းမြစ်များ အဆိုအရ ၎င်းတို့အပြင် မြို့အပြင်အပရှိ ကျေးရွာများဖြစ်သော စောဟဲ၊ ညောင်ကိုင်း၊ ထီးပိုဆန်း၊ လှိုင်းစိန်၊ ညောင်နိုင်း၊ နှင့် ယန်ကော့ ကျေးရွာ အုပ်ချုပ်ရေးမှူးများသည်လည်း မေလ ၂၂ ရက်တွင် ထိန်းသိမ်း စစ်ကြောခံရသည်ဟု ဆိုသည်။ ဒေသခံ ကာကွယ်ရေး လက်နက်ကိုင် အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို စစ်အုပ်စုနှင့် အထွေထွေ အုပ်ချုပ်ရေး ဌာနများသို့ သတင်း ပေးရန် တောင်းဆိုပြီးနောက် သူတို့အား ပြန်လွှတ်ပေးခဲ့သည်။

လက်ရှိတွင် စစ်တပ်သည် ကော့ကရိတ်မြို့နယ်အတွင်းရှိ ရွာချင်းဆက်ထားသည့် လမ်းများနှင့် အဝေးပြေးလမ်းမများကို နယ်မြေအတွင်း လှုပ်ရှားနေသော အခြားသော လက်နက်ကိုင် တပ်ဖွဲ့များ အသုံးပြုခြင်းမရှိနိုင်စေရန် ဖျက်ဆီးလျက်ရှိသည်။

လေယာဉ်များနှင့် ဒရုန်းများ မကြာခဏ ဝဲပျံနေပြီး သံသယ ရှိသည့် ရွာများ သို့မဟုတ် နယ်မြေများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းဖြင့် အစဉ်တစိုက် ခြိမ်းခြောက်နေသဖြင့် ဒေသခံများမှာ သူတို့၏ နေအိမ်များမှ ဆက်လက် ထွက်ပြေးနေရသည်။

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

**မွန်ပြည်နယ်**

- IDP 4800+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 11 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဒေသခံ ကျေးရွာများကို လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်မှုများ ဆက်လက်ရှိနေရာ ထိုတိုက်ခိုက်မှုများကြောင့် အရပ်သားများမှာ ပုံမှန်လိုပင် ထိခိုက်ဒဏ်ရာရနေကြသည်။ မေလ ၆ ရက် ည ၉ နာရီတွင် စစ်တပ်က ဘီးလင်းမြို့နယ်၊ အာလူးလေး ရွာထဲသို့ လက်နက်ကြီးကျည်ဆံ အများအပြားကို ပစ်ခတ်ခဲ့သည်။ မြေပြင် သတင်းအဖွဲ့အဆိုအရ အနည်းဆုံး အမျိုးသမီး တစ်ဦး .. နှင့် အမျိုးသားတစ်ဦး ဒဏ်ရာ ရခဲ့သည်။ တိုက်ခိုက်မှု၏ ရလဒ်အဖြစ် ရွာသား ၃၀၀ ကျော် ထွက်ပြေးခဲ့ပြီး အချို့မှာ ယခုအချိန်တိုင်အောင် အိမ်မပြန်နိုင်သေးပဲ ရှိသည်။ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးက စစ်တပ်က အာလူးလေးရွာကို မကြာခဏ တိုက်ခိုက်လေ့ရှိသည်ဟု ပြောသည်။

အလောင်းတောင် ခြေရင်း နှင့် ကျောင်းအရှေ့တွင် စခန်းချထားသော စစ်ကောင်စီ တပ်ဖွဲ့များက အနည်းဆုံး လက်နက်ကြီး တစ်ဒါဇင်ခန့် ရမ်းသန်းပစ်ခတ်ခဲ့ရာ အာလူးလေး ရွာမှ အရပ်သား နှစ်ဦးကို ဒဏ်ရာရစေခဲ့သည်။ “လက်နက်ကြီးကြောင့် အိမ်သုံးလုံး ပျက်စီးသွားတယ်။ ယောက်ျားနဲ့မိန်းမ လင်မယားတစ်တွဲလည်း ဒဏ်ရာရပြီး ထွက်ပြေးခဲ့ရတယ်။” သူတို့၏ ဒဏ်ရာများမှာ အသက်အန္တရာယ် ခြိမ်းခြောက်မှု မရှိသော်လည်း ရွာသားများမှာ ဆက်တိုက် တိုက်ခိုက်မှုများကြောင့် အကြောက်တရားများ ဖုံးလွှမ်းနေကြသည်။

ထိုတိုက်ခိုက်မှုများက ဒေသအတွင်းနောက်ထပ် စစ်ရှောင်ဒုက္ခသည် ၃၀၀ တိုးလာစေသည်။ သူတို့မှာ စားဝတ်နေရေးအတွက် အလုပ်လုပ်ရန် အခွင့်အလမ်းမရှိပဲ လုံခြုံမှု နည်းပါးခြင်းသည် လူသားချင်းစာနာမှု အကူအညီများကို တားဆီးထားသည်။ “ကျွန်တော်တို့ ဒီမှာ အတော်ဒုက္ခရောက်နေတယ်။” ဟု ဒေသခံ တစ်ဦးက ပြောသည်။

“လက်နက်ကြီး ကျည်တွေ ရွာထဲမှာ ပေါက်ကွဲပြီး ဦးနေမျိုးကျော် လက်မောင်းနဲ့ ဒေါ်ခင်စန်းရီ မျက်နှာတို့မှာ လက်နက်ကြီးကျည်စတွေ ဆိုးဆိုးရွားရွား ထိသွားတယ်။” ဟု မျက်မြင်သက်သေများက ပြောသည်။ “အသက် အန္တရာယ် မစိုးရိမ်ရဘူးဆိုပေမယ့် ပုံမှန်အခြေအနေရောက်ဖို့၊ နောက်ပြီး ဝင်ငွေရဖို့အတွက် အလုပ်ကို ပြန်သွားဖို့ တော်တော်ခက်မယ်။” ဟု လုံခြုံသော နေရာသို့ ထွက်ပြေးလာသည့် အိမ်နီးချင်းများက ပြောသည်။

မေလ ၁၈ ရက်နံနက်တွင် မွန်ပြည်နယ် သံဖြူဇရပ် အနင်းရွာမှ အသက် ၃၅ နှစ်အရွယ် အပြစ်မဲ့ ရွာသား တစ်ဦးမှာ စစ်ကောင်စီ ကျောထောက်နောက်ခံပြု တပ်ဖွဲ့များ နှင့် KNU တပ်ဖွဲ့များ အကြား တိုက်ပွဲအတွင်းတင် ကျည်ထိမှန် သေဆုံးခဲ့သည်။

စစ်ကောင်စီနှင့် ပြည်သူ့စစ် ပူးပေါင်းတပ်များသည် အနင်းရွာကို ဝင်ရောက်လာပြီး ညပိုင်းတွင် တပ်ဖွဲ့များကို နေရာချထားသည်။ သူတို့က သံသယ မရှိတဲ့ ပြည်သူတွေရဲ့ နေအိမ်များကို ဝင်ရောက်စီးနင်းလိုက်သည်။ ရွာသား အများအပြားမှာ မြို့တွင်းတွင် ပိတ်မိနေကြသည်။ အပြင်အပမှ လူပုဂ္ဂိုလ်များမှလည်း မဝင်ရဲကြပေ။ သူတို့သည် ခိုလှုံရန်အတွက် လယ်တောများ နှင့် အခြားရွာများ,သို့ ထွက်ပြေးကြသည်။ စစ်အုပ်စု တပ်ဖွဲ့များက မေလ ၁၇ ရက် ညနေပိုင်းကတည်းက စပြီး မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အနင်းရွာပတ်ဝန်းကျင်မှာ နေရာ ယူထားခဲ့ကြသည်။ ရွာကို ထိန်းချုပ်ထားလိုက်ပြီး ပိတ်ဆို့ထားလိုက်သည်၊ ရွာသား ၃၀၀ ကျော်ပိတ်မိနေခဲ့သည်။

KNU က ရွာအပြင်မှ လာပြီး ရွာအတွင်း စခန်းချထားသော စစ်ကောင်စီ တပ်ဖွဲ့များကို ဝိုင်းထားလိုက်သည်။ စစ်တပ်က သူတို့ သေနတ်များဖြင့် ပစ်ရာ အသက် ၃၅ နှစ်အရွယ် လူတစ်ဦး သေဆုံးသွားသည်။ သူ မည်သူမည်ဝါ ဖြစ်သည်ကို ယခုတိုင် မသိရှိရသေးပါ။ စစ်တပ်က ရွာပတ်ဝန်းကျင်တွင် စခန်းချလျက်ရှိနေသောကြောင့် ဓါးစာခံ အဖြစ် အသုံးချခြင်း ခံရမည့် ဘေးအန္တရာယ်ကို အလွန် စိုးရိမ် ကြောက်ရွံ့နေကြသည်။

> "အသက် အန္တရာယ် မစိုးရိမ်ရဘူးဆိုပေမယ့် ပုံမှန်အခြေအနေ ရောက်ဖို့၊ နောက်ပြီး ဝင်ငွေရဖို့အတွက် အလုပ်ကို ပြန်သွားဖို့ တော်တော်ခက်မယ်။"

**တနင်္သာရီ တိုင်းဒေသကြီး**

- IDP 8300+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 16 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

ဒေသခံ လက်နက်ကိုင်တပ်ဖွဲ့များကို ထောက်ပံ့သည်ဟု စွပ်စွဲပြီး စစ်ကောင်စီက ဒေသခံ စီးပွားရေး သမားတစ်ဦး၏ ပိုင်ဆိုင်မှုများကို ချိပ်ပိတ်လိုက်ကာ သူ့ကို တစ်လကျော်ကြာအောင် ထိန်းသိမ်းထားသည်။

မေလ ၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးတောင်ပိုင်း ကော့သောင်းခရိုင်တွင် အထွေထွေ အုပ်ချုပ်ရေး ဌာနနှင့် စစ်အရာရှိများ ပါဝင်သော စစ်ကောင်စီ တပ်ဖွဲ့ တစ်ဖွဲ့က ဘုတ်ပြင်းမြို့နယ်ရှိ ဒေသခံ စီးပွားရေး သမားတစ်ဦး၏ ပိုင်ဆိုင်မှုများကို သိမ်းဆည်းလိုက်သည်။ ကျူးလွန်ခံရသူမှာ ဦးအောင်ဇော်ဦး ဖြစ်ပြီး ကမာချောင်းရွာမှ စစ်အုပ်စု ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူ တစ်ဦး ဖြစ်ပြီး သူ့ မိသားစုမှာ လွန်ခဲ့သည့် နှစ်အနည်းငယ်က ဓါတ်ဆီဆိုင်၊ လုပ်ငန်းကို ဖွင့်လှစ်လုပ်ကိုင့်ခဲ့သည်။

အဲဒီနေ့က (မေ ၆ ရက်က) သူ၏ ဓါတ်ဆီဆိုင်၊ အိမ်နှင့် လှော်ကရည်ဆိုင် တို့ကိုသာမက မြေကွက်တစ်ခုလုံးကိုလည်း ချိပ်ပိတ်ကာ စစ်ကောင်စီ ပူးပေါင်းတပ်ဖွဲ့များက သိမ်းယူခဲ့သည်ဟု ဒေသခံ မျက်မြင်သက်သေများက ပြောသည်။

ဦးအောင်ဇော်ဦးမှာ ဧပြီလ ၄ ရက်နေ့က ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ PDF များကို ကူညီသည်ဟု မတရား စွပ်စွဲမှုဖြင့် သူ၏ နေအိမ်တွင် စစ်ကောင်စီ တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး တည်ဆဲ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀ (ည) ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ သူသည် အဖမ်းဆီးခံရပြီး ဘုတ်ပြင်းရဲစခန်းတွင် ယနေ့ထက်တိုင် ချုပ်နှောင်ခြင်း ခံထားရသည်။

ဧပြီလ ၄ ရက်နေ့တွင် ဦးအောင်ဇော်ဦး အပါအဝင် ဒေသခံ လေးဦး ဖမ်းဆီးခံခဲ့ရပြီး ၆ ရက်ကြာသောအခါ အခြား သုံးဦးမှာ ပြန်လည် လွတ်မြောက်လာခဲ့သော်လည်း ဦးအောင်ဇော်ဦးကို ဆက်လက် ထိန်းသိမ်းထားခဲ့ပြီး နောက်ထပ် တစ်လကျော်ကြာသော အခါ သူ့မိသားစုပိုင် ပစ္စည်းဥစ္စာများ ချိပ်ပိတ်ခံခဲ့ရသည်။

“ဘုတ်ပြင်းမှာရှိတဲ့ စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ သူတို့ရဲ့ ထောက်လှမ်းရေးတွေက တော်လှန်ရေးနဲ့ပါတ်သက်ပြီး သံသယရှိစရာ သတင်းအချက်အလက်ရရှိတယ်ဆိုရင် သူတို့က လူတွေကို ဖမ်းပြီး စစ်တယ်။ တချို့ အမှုတွေမှာဆိုရင် တရားရုံးက အပြစ်ရှိကြောင်းနဲ့ သူတို့ရဲ့ ပစ္စည်း ဥစ္စာတွေ သိမ်းဆည်းဖို့ အမိန့်မထုတ်ခင်မှာ သိမ်းဆည်းမှုတွေကို သူတို့ လုပ်တယ်။ ဆိုလိုတာကတော့ စစ်ကောင်စီ တပ်ဖွဲ့တွေက ဥပဒေကို လုံး

၀ ဂရုမစိုက်ဘူး။" ဟု အသက် ၃၉ နှစ်အရွယ် ဥပဒေ ကျွမ်းကျင်သူ တစ်ဦးက ပြောသည်။ "မှားယွင်းလုပ်ဆောင်မှု စွပ်စွဲချက် တစ်ခုခု အတွက် တာဝန်မရှိတဲ့ သူ တစ်ဦး တယောက်အပေါ် အပြစ်ပေး အရေးယူတာကို လက်နက်ကိုင် ပဋိပက္ခအတွက် နိုင်ငံတကာ စည်းမျဉ်းတွေမှာလည်း တားမြစ်ထားပါတယ်။" ဟု ဆက်ပြောသည်။

အချိန်ကာလကြာမြင့်စွာပင် ဘုတ်ပြင်းမြို့နယ်တွင် စစ်အုပ်စု ဆန့်ကျင်သော တက်ကြွလှုပ်ရှားသူများ၏ အိမ်များ ပစ္စည်းဥစ္စာများအား သိမ်းဆည်းခြင်း မပြုပဲ ရှိခဲ့သည်။ "ဒီတခါတော့ တန်ဖိုးအကြီးမားဆုံး အိမ်ခြံမြေနဲ့ ပစ္စည်းဥစ္စာတွေကို (စစ်ကောင်စီက) သိမ်းဆည်းလိုက်တာပဲ။" ဟု ဘုတ်ပြင်းမြို့ခံတစ်ဦးက HURFOM ကို ပြောသည်။

တနင်္သာရီ တိုင်းအတွင်းရှိ မြို့နယ်များတွင် စစ်ကောင်စီ တပ်ဖွဲ့များသည် ပြည်သူ့ကာကွယ်ရေး လက်နက်ကိုင် တပ်ဖွဲ့များအား တိုက်ခိုက်ပြီး ဒေသခံများကို မှားယွင်းစွာ စွပ်စွဲပြီး ဥပဒေမဲ့ ဖမ်းဆီးခြင်းနှင့် နှိပ်စက်ညှင်းပမ်းခြင်းတို့ကို ဖြစ်ရပ် နှစ်ခုတွင် ကျူးလွန်ခဲ့သည်။ အကြမ်းဖက်မှုတွေ အစဉ်မပျက် ဆက်ရှိနေပြီး တစ်ခါတစ်ရံ သတ်ဖြတ် သည်အထိ ဖြစ်ပွားလျက်ရှိသည်။

မေလ ၉ ရက်နေ့က ကွင်းဆင်း အဖွဲ့၏ အစီရင်ခံချက်အရ တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်း မြို့နယ်ရှိ ဝဲရစ်ရွာမှ ရွာသား နှစ်ဦးမှာ စစ်ကောင်စီ တပ်များက ရပ်တန့်ခိုင်းပြီး ရှာဖွေခြင်း ခံရပြီးနောက်တွင် လွဲမှားသော စွပ်စွဲချက်များဖြင့် ဖမ်းဆီး ရိုက်နှက်ခြင်းကို ခံခဲ့ရကာ ဒဏ်ရာများရရှိခဲ့သည်။ ထိုဖြစ်ရပ်မှာ ၂၀၂၃ ခုနှစ် မေလ ၉ ရက်နေ့ နံနက်တွင် ဖြစ်ပွားခဲ့သည်။

"ကျူးလွန်ခံရသူ နှစ်ဦးမှာ တစ်နေ့လုပ် တစ်နေ့စား လုပ်သားများဖြစ်သော အသက် ၄၀ ကျော်အရွယ် ကိုမျိုးမြင့်လေးနှင့် အသက် ၃၀ အရွယ် ကိုကန်းကန်းတို့ ဖြစ်သည်။ သူတို့ နှစ်ဦးစလုံး လက်များကို နောက်ကျောတွင် ကြိုးဖြင့် ချည်၍ စစ်သားများက သေနတ်ဒင်များဖြင့် ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့ကြပြီး စစ်ဖိနပ်များဖြင့် ကန်ခြင်းကို ခံကြရတယ်" ဟု ဝဲရစ်ရွာမှ အသက် ၄၀ အရွယ် မျက်မြင်သက်သေ တစ်ဦးက ပြောသည်။ "တပ်ဖွဲ့တွေက ခလရ ၄၀၃ သို့မဟုတ် ၄၀၄ က ဖြစ်ရမယ်။ အခုချိန်မှာ သူတို့ပဲ ရွာအနီးတဝိုက်ကို ကင်းလှည့်နေတာ ရှိပြီး ဒီနယ်မြေမှာ စစ်ကောင်စီရဲ့ PDF တွေအပေါ် စစ်ဆင်ရေးတွေကို အားဖြည့်နေတာဖြစ်တယ်။" ဟု အသက် ၂၅ နှစ်အရွယ် ဒေသခံတစ်ဦးက ပြောသည်။

ရွာသား အမျိုးသားနှစ်ဦးကို ဖမ်းဆီးရိုက်နှက် ရသည့် အသေးစိတ် အချက်အလက်များကို မသိရသေးပါ။ ကျူးလွန်ခံရသူများနှင့် နီးစပ်သော သတင်းရင်းမြစ်တစ်ဦးအဆိုအရ စွပ်စွဲချက်များမှာ ဒေသခံ PDF အုပ်စုများနှင့် ဆက်စပ်နိုင်သည်။

မေလ ၉ ရက် ည ၉ နာရီခွဲခန့်တွင် စစ်ကောင်စီ တပ်ဖွဲ့အင်အား ၅၀ ခန့်သည် လက်နက်အပြည့်အစုံနှင့် သရက်ချောင်းမြို့နယ် ယင်ယဲရွာ ဘုန်းကြီးကျောင်းတွင် စခန်းချနေကြသည်။ ၎င်းတို့သည် ရွာအတွင်းသို့ လှည့်လည်သွားလာပြီး သံသယ မရှိသော နေအိမ်များကို အတင်း ဝင်ရောက်စီးနင်းခြင်းဖြင့် လူထုအား အထိတ်တလန့်ဖြစ်စေသည်။ အချို့ ရွာသားများ(ခန့်မှန်းချေ အိမ်ထောင်စု ၇၀ ခန့်) သည် သူတို့၏ နေအိမ်များတွင် ဆက်မနေရဲတော့ပဲ အနီးအနား နေရာများသို့ ထွက်ပြေးသွားကြသည်။

မေလ ၁၀ ရက် နံနက်အစောပိုင်းတွင် ခလရ ၄၀၃ မှ အင်အား ၃၀ ခန့်ပါသော စစ်ကောင်စီတပ်ဖွဲ့သည် ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ် ညောင်ဇင် ကျေးရွာကို စီးနင်းခဲ့ပြီး အမျိုးသမီး ငါးဦးအပါအဝင် ဒေသခံ ရွာသား ၁၄ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး လမ်းပေါ်တွင် သူတို့ကို ရိုက်နှက်ခဲ့သည်ဟု မျက်မြင်သက်သေများက ပြောသည်။

ရွာကို ဝင်ရောက်ခြင်းမပြုမီ သူတို့သည် ညောင်ဇင်ရွာကို ရုတ်တရက် ဝင်စီးပြီး လော်ရီကား နှစ်စီးမှ လက်နက်များဖြင့် ပစ်ခတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ မေလ ၁၀ ရက်နေ့ ညနေပိုင်းတွင် အသက် ၄၀ အရွယ် ရွာသားတစ်ယောက်က ဖြစ်ရပ်နှင့် ပတ်သက်၍ ပြောပြရာ ထိုနေ့ နံနက်က ဖမ်းဆီးခံရသူ အများစုမှာ အစားအစာဝယ်ယူရန် ဈေးဆိုင်သို့ သွားသူများဖြစ်ကြသည်။

"ကျွန်တော်တို့ ပုံမှန် မြင်တာတော့ သူတို့က စစ်ထရပ်ကားတွေ လော်ရီကားတွေနဲ့ ဝင်လာတယ်။ ဒီတခါတော့ စစ်ကောင်စီ တပ်ဖွဲ့တွေက ကျောက်တွေ ဒါမှမဟုတ် အမှိုက်တွေ သယ်တဲ့ အရပ်သား လော်ရီကားလို့ ကုန်ကားတွေ ကို သုံးတယ်။ သူတို့က ရွာထဲကို ရမ်းသန်းပစ်ခတ်လာပြီး အဲဒီနေ့မနက်က လမ်းပေါ်မှာ တွေ့တဲ့ ရွာသားတွေကို ဖမ်းတယ်။ ထိန်းသိမ်းခံရတဲ့ အများစုက လူငယ်တွေဖြစ်ကြတယ်။ ဖမ်းဆီးမခံတဲ့ သူတွေကို စစ်ဖိနပ်တွေနဲ့ ကန်တယ်၊ ပြီးတော့ သေနတ်ဒင်နဲ့ ထုတယ်။ အဲဒါက မနက် ၆ နာရီ ခွဲလောက်မှာ ဖြစ်တာပါ။" ဟု ဒေသခံများက ပြောသည်။

ဒေသခံ ရွာသား သတင်းရင်းမြစ် သုံးဦး အဆိုအရ ဤ ကျူးလွန်သူများ၏ ယူနစ်မှာ စစ်အုပ်စု၏ ထားဝယ်အခြေစိုက် ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ ခမရ ၄၀၃ မှ ဖြစ်ကြသည်။ "ကျွန်တော်တို့ထဲက တစ်ယောက်က သူတို့ရဲ့ ဘက်တံဆိပ်တွေ တွေ့လိုက်တယ်။ ခမရ ၄၀၃ လို့ ရေးထားတယ်။ တချို့ တပ်ဖွဲ့တွေက ရွာလယ်က လမ်းမတလျှောက်က အိမ်တွေကို ရှာတယ်။" ဟု ညောင်ဇင်ရွာမှ အသက် ၅၀ အရွယ် မျက်မြင်သက်သေက ပြောသည်။
ထိန်းသိမ်းခံရသူ ၁၄ ယောက် စလုံးသည် နေ့လည် ၂ နာရီအထိ လမ်းဘေးတွင် စစ်ဆေးမေးမြန်းခံရပြီး ရိုက်နှက်ခံကြရသည်။ နောက်ပိုင်းတွင် ယောကျ်ား လေးဦးကို သူတို့ မျက်နှာများကို ဖုံးအုပ်၍ လက်များကို နောက်ကျောတွင် ချည်ထားပြီး တခြားသို့ ခေါ်ဆောင်သွားသည်ဟု ဒေသခံများက ပြောသည်။

ညောင်ဇင်ရွာသည် ထားဝယ်-မြိတ် အဝေးပြေးလမ်းမပေါ်ရှိ ရွာကြီးတစ်ရွာဖြစ်ပြီး ထားဝယ်မှ ၈ မိုင်ကွာဝေးသည်။ လွန်ခဲ့သည့် ဧပြီလ ၂၃ ရက်က ကလေး ၃ ဦးအပါအဝင် ဒေသခံ ပြည်သူ ၉၀ ကျော်ကို ဒေသတွင်း စစ်ဆင်ရေးအတွင်း စစ်ကောင်စီက ယငယ်ရွာတွင် ဖမ်းဆီးခဲ့သည်။ အချို့ကို နောက်ရက်များတွင် ပြန်လည် လွှတ်ပေးခဲ့သည်။ သို့ရာတွင် အချို့ရွာသားများမှာ ယခုအချိန်အထိ ပြန်လည် လွတ်မြောက်လာခြင်း မရှိသေးပေ။

ဒေသခံ သတင်းရင်းမြစ်များ အဆိုအရ စစ်ကောင်စီသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် အင်အားတိုးချဲ့လာခဲ့သည်။ မြို့ဝင် မြို့ထွက်များကို ပိုမို တင်းကြပ်ထားလိုက်ပြီး သံသယရှိသူများကို အမျိုးမျိုးသော အမှုများဖြင့် ဖမ်းဆီးခဲ့သည်။ ကျူးလွန်ခံရသူများနှင့် နီးစပ်သော အရင်းမြစ်များက အမျိုးသမီးများ အပါအဝင် လူ ၈ ဦးမှာ မေလ ၁၇ ညက ဖမ်းဆီးခံရကြောင်း အတည်ပြုသည်။

လမ်းသွယ်များအပါအဝင် ထားဝယ်မြို့အတွင်း ဝင်ရောက်သည့် အဓိက လမ်းမကြီးတွေအားလုံးကို စစ်ကောင်စီနှင့် ပျူစောထီးများက တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသည်။ ပိုမိုထိန်းချုပ်မှုနှင့် စစ်ဆေးမှုများ များလာသည့်အချိန်မှစ၍ သံသယများလည်း ရှိလာခဲ့သည်။

မေလ ၁၇ ရက်တွင် အမျိုးသမီး သုံးဦးနှင့် အမျိုးသား ငါးဦးတို့ တစ်ညတာ အဖမ်းခံကြရသည်။ ဖမ်းဆီးခေါ်ဆောင်ခံရသော အသက်အငယ်ဆုံး သူမှာ ည ၁၁နာရီ ၄၀ မိနစ်တွင် ဖမ်းခံရသော အသက် ၁၇ နှစ်အရွယ် ကောင်လေး ဖြစ်သည်။ ထိုအထဲမှ အချို့သော ဖမ်းဆီးမှုများမှာ ထားဝယ်မှ မဟုတ်သော်လည်း သူတို့မှာ ဒေသအမျိုးမျိုးမှ မှတ်ပုံတင်များ ကိုင်ဆောင်ထားကြသည်။ ကင်းလှည့်ခြင်းနှင့် အိမ်များစစ်ဆေးခြင်းတို့ကို မြို့အပြင်ဘက်တွင် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ မေလ ၁၇ ရက်နေ့က ထားဝယ်ဒေသခံ ခြောက်ဦးနှင့် အဝေးဒေသများမှ လူ နှစ်ဦးတို့ တစ်ညတည်း ဖမ်းဆီးခံခဲ့ရသည်ဟု ဒေသခံ မျက်မြင်သက်သေများက ပြောသည်။

ရွာသို့ ဝင်ရောက်မလာမီတွင် လက်နက်ကြီးများဖြင့် နေရာအချို့ကို ပစ်ခတ်ခဲ့ကြသည်ဟုလည်း ဒေသခံများက ပြောသည်။ “သေနတ်သံနဲ့ လက်နက်ကြီးသံတွေက ည ၉ နာရီမှာ စတယ်။ ကျွန်တော်တို့ သေနတ်သံ ၁၀ ချက်လောက်နဲ့ ပေါက်ကွဲသံ အများအပြား ကြားရတယ်။ သူတို့ရဲ့ တပ်ဖွဲ့က စစ်ကောင်စီ စစ်သား ၁၅၀ လောက်ပါပြီး သတို့က ဒီဖက်ကနေ မနေ့က မနက်ပိုင်းက ဝင်သွားကြတယ်။” ဟု ထိုနေရာမှ အသက် ၅၀ အရွယ် ရွာသားတယောက်က ပြောသည်။

ထိုနယ်မြေအတွင်းရှိရွာများဖြစ်သော ပါကရီ၊ ပါခပ်၊ နှင့် သရက်ညွှန့် ရွာများမှာ လွန်ခဲ့သည့် ခြောက်လအတွင်း စစ်ကောင်စီတပ်ဖွဲ့များ၏ အကြိမ်ကြိမ် စီးနင်းဝင်ရောက်ခြင်းကို ခံခဲ့ရပြီး နောက် ဒေသခံ (ခန့်မှန်းခြေ ၈,၀၀၀) ခန့်၏ အများစုမှာ ကာလကြာရှည်စွာပင် ထွက်ပြေးပြောင်းရွှေ့သွားခဲ့ပြီ ဖြစ်သည်။

မကြာသေးမီက ဝင်ရောက် စီးနင်းခံရသော ဦးယဉ်ကြည်၊ ဒါးသွေးကျောက် နှင့် အညာပျား ရွာများမှ ရွာသား အများစုမှာ ဒေသခံ လယ်သမားများဖြစ်ကြပြီး လယ်ထွန်ခြင်း နှင့် ခြံစိုက်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။

တနင်္သာရီ မြို့နယ်အတွင်းရှိ ဘန့်လမွတ်ရွာနှင့် အရှေ့မော်တောင်ရွာမှ ဒေသခံ ၉ ဦးမှာ မေလ ၂၂ ရက် ဥပဒေမဲ့ ဖမ်းဆီးခံရပြီးနောက် ပြန်လွှတ်လာခြင်း မရှိသေးကြောင်း ရွာသားများက ပြောသည်။

သူတို့ ၉ ယောက်စလုံးမှာ လက်နက်ကြီး တပ်ရင်း ၃၀၆ နှင့် ခမရ ၅၅၇ ပူးတွဲတပ်ဖွဲ့များက မေလ ၂၂ ရက် ညပိုင်းတွင် ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့များအား ထောက်ခံ ပံ့ပိုးသည်ဟူသော စွပ်စွဲချက်ဖြင့် အုပ်စုလိုက် ဖမ်းဆီးသွားခြင်း ခံခဲ့ရသည်။ အချိန်မှာ ည ၉ နာရီခန့်ဖြစ်သည်။ အရှေ့မော်တောင်ရွာနှင့် ပနတ်ရွာများမှ အမျိုးသမီး သုံးဦးခန့် အပါအဝင် ဖြစ်သည်။

သူတို့ကို မည်သည့် စစ်တပ်စခန်းသို့ ခေါ်ဆောင်ထိန်းသိမ်းထား သည်ကို မသိရကြောင်း အတည်ပြုထားသည်။

လွန်ခဲ့သည့် အပတ်က စစ်ကောင်စီတပ်ဖွဲ့များသည် ဘန့်လမွတ်ကျေးရွာအုပ်စု၏ ပန္နတ်ရွာကို ဝင်ရောက်ခဲ့ပြီး ရွာသား အမျိုးသား လေးဦးကို ဖမ်းဆီးခဲ့သည်။ သူတို့ကို ပြန်လွှတ်သည်မလွှတ်သည်ကို အတည်မပြုနိုင်ပဲ ရှိသည်။ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သော တနင်္သာရီတွင် ပျောက်ဆုံးသွားသူ အရေအတွက်မှာ ၅ ဦးမှ ၁၆ ဦးသို့ မြင့်တက်လာခဲ့သည်။ စွပ်စွဲချက် အမျိုးမျိုး ပြုလုပ်ပြီး စစ်ဆေးမေးမြန်းစဉ်တွင် နှိပ်စက်မှုများ ပြုလုပ်သော စစ်ကောင်စီ တပ်ဖွဲ့များ၏ တရားမဲ့ဖမ်းဆီးမှုများကြောင့် သံသယရှိသူ အကျဉ်းသား သုံးဦးမှာ ထိန်းသိမ်း စစ်ဆေးစဉ်အတွင်း သေဆုံးသွားခဲ့သည်။ "အခုအခါမှာ သီးခြား သတင်းအချက်အလက်တွေနဲ့ ဖမ်းဆီးမှုတွေ လုပ်လာတယ်၊"

ယင်းမှာ လူထုအတွင်း သတင်းပေးများ ရှိနေသည့် လက္ခဏာ ဖြစ်သည်။ မေလ ၂၂ ရက်တွင် ပန္နတ်ငယ်ရွာတွင် အမျိုးသား အများအပြားကို ဖမ်းဆီးခဲ့သည်။ စစ်သားများက အိမ်များ,သို့ သွားရောက်ခဲ့ပြီး အမည်စာရင်း အတိအကျဖြင့် လူများကို ဖမ်းဆီးခဲ့သည်။ သူတို့က ဖမ်းဆီးမှုများအတွက် အကြောင်းပြချက် အမျိုးမျိုးပေးသည်။ တော်လှန်ရေးကို ပံ့ပိုးသည်ဆိုသည်ထက် ကျော်လွန်က အကြမ်းဖက်မှုများတွင် ပါဝင်ပါတ်သက်သည်ဆိုသော စွတ်စွဲချက်များပင် ပါဝင်သည်။" ဟု ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

ယနေ့ နံနက် ရရှိသော သတင်းအချက်အလက်များအရ ဖမ်းဆီးခံရသူများကို လက်နက်ကြီး တပ်ရင်း ၃၀၆ နှင့် ခမရ ၅၅၇ တို့တွင် ထိန်းသိမ်း စစ်ဆေးလျက်ရှိသည်။ ယခုထက်တိုင် မည်သူမျှ ပြန်လွတ်လာခြင်းမရှိသေးပါ။

မေလ ၂၀ ရက်နေ့တွင် တနင်္သာရီ မြို့နယ် ရေဖြူကျေးရွာမှ သက်ကြီးရွယ်အို အမျိုးသမီး ၇ ဦးနှင့် အမျိုးသား ၃ ဦး စုစုပေါင်း ၁၀ ဦး မှာ စစ်ကောင်စီ၏ ဖမ်းဆီးခြင်းခံရပြီးနောက် သူတို့ထဲမှ ထက်ဝက်သာ ပြန်လွတ်လာခဲ့သည်။

# အဓိက တွေ့ရှိချက်များ

1. ပစ်မှတ်ဒေသများအားလုံးတွင် ငွေဖောင်းပွမှုသည် အရပ်သားများအားသူတို့၏ အခြေခံ လိုအပ်ချက်များ ပြည့်မီမှု မရှိနိုင်စေသည့် အလုံးစုံ ပျက်သုန်းစေသော အကြောင်းရင်း ဖြစ်လာနေခဲ့သည်။

2. အရပ်သားများထံမှ ငွေညှစ်ခြင်းများ ဆက်ဖြစ်နေသည်။ သံဖြူဇရပ်နေ ပြည်သူများမှာ မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ခရိုင်အုပ်ချုပ်ရေး ရုံးကို ပြန်လည်တည်ဆောက်ရန်အတွက် ရပ်ကွက် အုပ်ချုပ်ရေး ဥက္ကဋ္ဌက ပြည်သူများထံမှ ဥပဒေမဲ့ ငွေကြေးကောက်ခံမှုများ ရှိနေကြောင်း ပြောသည်။

3. မွန်အမျိုးသမီးအဖွဲ့အစည်းများက မွန်ပြည်နယ်အတွင်းရှိ ရွာများတွင် ကလေးသူငယ်လိင်ဆိုင်ရာ ချိုးဖောက်မှု ဖြစ်ရပ်များ တိုးများလာနေပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း သတိပေးထားသည်။

4. မတည်ငြိမ်မှုနှင့် တင်းမာမှုများက လူများအား သူတို့၏ အိုးအိမ်များအား စွန့်ခွာစေခြင်းကြောင့် တိုက်ပွဲများသည် မြန်မာနိုင်ငံတွင် ပြည်တွင်း အစုလိုက် ရွှေ့ပြောင်းစေမှုများကို ဖြစ်ပွားစေသည်။

5. ရဲနှင့် စစ်ကောင်စီ ကျောထောက်နောက်ခံ ပြုထားသော ပြည်သူ့ စစ်များက တစ်အိမ်တက်ဆင်း စစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေပြီး သူတို့ အလိုရှိသော လူစာရင်းတွင်  ပါဝင်သူများကို လိုက်လံဖမ်းဆီးလျက်ရှိသည်။

6. မော်တော်ဆိုင်ကယ်များ၊ လက်ကိုင် ကိရိယာများ နှင့် ငွေကြေးတို့ကို အဓိက လမ်းမကြီးများတလျှောက် တမင်သက်သက် ဂိတ်များဖွင့်လှစ်ပြီး အရပ်သားများ ထံမှ သိမ်းယူခြင်း၊ ငွေညှစ်ခြင်းတို့ကို ပုံမှန်ပြုလုပ်နေသည်။ အရပ်သားများမှာ သူတို့၏ ကိုယ်ပိုင် ပစ္စည်းများ ပြန်လည်ရရှိရန်အတွက် အလွန်အကျွံ လာဒ်ငွေ ပေးနေကြရသည်။ သို့ရာတွင် အချို့သာ မြင့်မားလှသော ကုန်ကျစားရိတ်ကို တတ်နိုင်ကြသည်။

7. မြန်မာနိုင်ငံတွင် နှင့် ပစ်မှတ် ဒေသများ တလျှောက် နှိပ်စက်ညှင်းပမ်းမှုမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေပြီး အချက်အလက်ရယူရန်အတွက် အပြစ်မဲ့ အရပ်သားများမှာ ကြမ်းကြုတ် ကြောက်မက်ဖွယ်ကောင်းသော အပြုအမူများကို ခံစားနေကြရသည်။

8. ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အာဆီယံ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် မြန်မာနိုင်ငံမြေပြင်တွင် ဖြစ်ပွားနေသော အခြေအနေများအပေါ် စစ်အုပ်စုအတွက် အရေးပေါ် အာရုံစိုက်မှုနှင့် နောက်ဆက်တွဲများအတွက် တောင်းဆိုရန် လိုအပ်ချက်များကို မြန်မြန်ဆန်ဆန် တုံ့ပြန်နိုင်စွမ်းမရှိပဲ ဖြစ်နေသည်။

9. စစ်တပ်၏ ကျူးလွန်မှုများအပေါ် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခြင်းသည် တပ်မတော်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပြီး ယင်းသည် စစ်အုပ်စုအား လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက် ကျူးလွန်နေစေသည်။

10. ကလေးများသည် စစ်အုပ်စု၏ ပစ်မှတ်ထားခြင်းကို ခံနေကြရပြီး ဆေးကုသမှု၊ အစားအစာ၊ ပညာရေး နှင့် ဘေးကင်းလုံခြုံစွာ နေထိုင်ခွင့် အပါအဝင် သူတို့၏ အခြေခံ လိုအပ်ချက်များ ဆုံးရှုံးနေသည်။

11. ဝရမ်းမဲ့ စီးနင်းဝင်ရောက်ခြင်းနှင့် အရပ်သား ဒေသများကို ပစ်မှတ်သတ်သတ်မှတ်မှတ် မထားပဲ ရမ်းသန်း ပစ်ခတ်ခြင်းတို့ကြောင့် စစ်အုပ်စု၏ ဥပဒေမဲ့ ဖမ်းဆီးခြင်းများ နှင့် ဥပဒေမဲ့ ထိန်းသိမ်းခြင်းများဆက်လက်ဖြစ်ပွားနေသည်။

# အကြံပြုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

1. ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံ မြေပြင်ရှိ အခြေအနေကို ချက်ချင်း နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရမည်။

2. လူသတ် စစ်အုပ်စု၏ လက်တွင်းသို့ လက်နက်များ စီးဆင်းမှုကို တားဆီးရန် အရေးပေါ် ကမ္ဘာ့တဝှမ်း လက်နက်ပိတ်ဆို့မှုကို ချမှတ်ရန်အတွက် ကမ္ဘာတဝှမ်း သက်ဆိုင်သူများက အခိုင်အမာ ပူးပေါင်းဆောင်ရွက် သွားရန်။

3. မြန်မာနိုင်ငံတွင် အထူးသဖြင့် အပြစ်မဲ့ အရပ်သားများအကြားတွင် သိသာထင်ရှားစွာ လူ့အသက် သေဆုံးမှုများကို ဖြစ်စေသော လေကြောင်းတိုက်ခိုက်မှုများကို ထိရောက်စွာ အဆုံးသတ်သွားစေရန် လေယာဉ်ဆီ အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။

4. စစ်အုပ်စု အရာရှိများနှင့် သူတို့၏ မိသားစုများ၏ ဘဏ္ဍာရေး ပိုင်ဆိုင်မှုများ၊ ပစ္စည်းဥစ္စာများကို တားမြစ်ပြီး ချစားသော စီးပွားရေး လုပ်ငန်းများကို နိုင်ငံခြား တိုင်းပြည်များနှင့် လုပ်ဆောင်ခြင်း မပြုနိုင်စေရန် သူတို့အပေါ် ပစ်မှတ်ထား အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။

5. တိုက်ခိုက်မှု ဘေးအန္တရာယ် ကြုံတွေ့နိုင်သည့် အရပ်သားများအား အာမခံချက်ပေးနိုင်သည့် ကာကွယ်ရေး ယန္တယားများကို အားဖြည့်ခြင်း အသစ်တဖန် တည်ဆောက်ခြင်းအားဖြင့် သူတို့ အနေဖြင့် တရားမျှတမှုကို ရရှိနိုင်စေပြီး တာဝန်ခံမှု လမ်းကြောင်းများကို ရရှိစေနိုင်သော အနေအထားကို ရောက်စေရန်။

6. မြေပြင်တွင် ၎င်းတို့၏ လူထု အသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို တုန့်ပြန်လျက် ရှိသည့် ဒေသခံ အဖွဲ့အစည်းများအတွက် ရံပုံငွေ ပံ့ပိုးမှုများကို အသစ်ထပ်ဆောင်ရန်နှင့် ဆက်လက် ပံ့ပိုး သွားရန်။ နယ်စပ်ဖြတ်ကျော်သော လမ်းကြောင်းများကို ရရှိစေပြီး လူသားချင်းစာနာမှု အထောက် အပံ့များအားလုံးကိုဒေသခံ လှုပ်ရှားသူများ၏ လက်တွင်သာ ရှိစေရန်။

7. မြန်မာနိုင်ငံအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် သူတို့၏ လုပ်ငန်းများကို ချက်ချင်း ရပ်တန့် ပြီး နိုင်ငံအတွင်း ဖွံ့ဖြိုးရေး စီမံကိန်းများတွင် သူတို့၏ ပါဝင်မှုများကို ရုတ်သိမ်းရန်။ ယင်းတို့တွင် လေဆိပ်များ၊ သင်္ဘောဆိပ်များနှင့် ဘိလပ်မြေ လုပ်ငန်းများပါဝင်ပြီး ၎င်းတို့ချည်းသာဟု မဆိုလိုပေ။

8. စစ်ကောင်စီ၏ နှိပ်စက်ညှင်းပမ်းမှုအား အသုံးပြုမှုကို ရုတ်တရက်နှင့် ချက်ချင်း ရပ်တန့်ရန်နှင့် မြန်မာနိုင်ငံတွင် သေဆုံးသည်အထိ နှိပ်စက်ညှင်းပမ်းခံရသော အရပ်သားများ ဥပဒေမဲ့ သေဆုံးမှု ကိုသာမက စိတ်ဒဏ်ရာ ခံစားရစေပြီး ရလာဒ်အားဖြင့် ရေရှည်တွင် ဒဏ်ရာများ ရရှိသော သူများ၏ ဖြစ်ရပ်များကို သက်သေပြသရန်အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန်လည်း မိမိတို့ တောင်း ဆိုသည်။

လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မေလ ၂၀၂၃

Human Right Foundation of Monland | May 2023